မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လုံ့ စသည် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါ ပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။

(မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။)

ဒဏ္ဍာဝဂ်(ဓမ္မပဒ-၁၄၀)

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်၊ စနေနေ့ အတွဲ (၆၂)၊ အမှတ် (၀၈၅)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွှတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားတွင် ခရစ္စမတ် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကက်သလစ်ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံခရစ်တော် သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့က စုပေါင်းကျင်းပပြုလုပ်သည့် ခရစ်တော်မွေးနေ့ (ခရစ္စမတ်)ကျေးဇူးတော် ချီးမွမ်းခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ Holy Cathedral Church ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ❖

ယနေ့ ဖတ် စ ရာ

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုအပေါ် မြန်မာနိုင်ငံ၏ ရပ်တည်ချက်များကို ထုတ်ပြန် — ပြည်တွင်းသတင်း — စာ - ၇

အခွန်ထမ်းပြည်သူများ သိထားသင့်သော အခွန်အယူခံခုံ အဖွဲ့အကြောင်း — ဆောင်းပါး — စာ - ၁၀

ဂျပန်အစိုးရ၏ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးရည်မှန်းချက်နှင့် ကြိုးပမ်းဆောင်ရွက်မှုများ — ဆောင်းပါး — စာ - ၁၆

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန် ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္ဓိဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

မုဒုံ ဒီဇင်ဘာ ၂၃

၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို မွန်ပြည်နယ် ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီက မုဒုံမြို့နယ် မြို့မ (၄) ရပ်ကွက်ရှိ ကန်ကြီး မဂ်လာကန်တော်၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုရန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်လာစေရန်၊ လှေလှော် အားကစားနည်းကို ပြည်သူများ ပိုမိုစိတ်ဝင်စားလာစေရန်၊ ရိုးရာအားကစားကို တန်ဖိုးထားမြတ်နိုးတတ်စေရန်၊ ထူးချွန်ပြီး အရည်အချင်းပြည့်ဝသည့် လှေလှော် အားကစားသမားများ မွေးထုတ်ပေးနိုင်ရန် စသည့် ရည်ရွယ်ချက် ကောင်းများဖြင့် ကျင်းပပြုလုပ်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ပြိုင်ပွဲစတင်နိုင်ရန် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပထမပွဲစဉ်အဖြစ် ကျိုက်မရော မြို့နယ် လှေလှော်အသင်းနှင့် သံဖြူဧရပ်မြို့နယ် လှေလှော် အသင်းတို့ စတင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲကို နှစ်ရက်ကြာ ကျင်းပမည် ဖြစ်ကာ မြို့နယ်ကိုယ်စားပြု လှေလှော်အသင်း ၁၀ သင်းတို့က ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

သားငယ် (ပြန်/ဆက်)

(၁၄)ကြိမ်မြောက် အာရှနဂါးလှေလှော်ပြိုင်ပွဲနှင့် ထိုင်းရိုးရာ လှေလှော်ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိသည့် မြန်မာလှေလှော်အားကစားအဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၂၃

မြန်မာလှေလှော်အားကစားအဖွဲ့သည် ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့သည့် (၁၄) ကြိမ်မြောက် အာရှနဂါးလှေလှော်ပြိုင်ပွဲ (14th ASIAN Dragon Boat Championship) ပြိုင်ပွဲတွင် ငွေ ကိုးခု၊ ကြေး သုံးခု၊ ဘန်ကောက်မြို့ ကျောက်ဖရားမြစ်၌ နိုဝင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သော ထိုင်းရိုးရာလှေလှော်ပြိုင်ပွဲ (Thailand Traditional Boat and International Swan Boat Race 2022) တွင် ငွေ နှစ်ခု၊ ကြေး နှစ်ခု စုစုပေါင်း ငွေ ၁၁ ခု၊ ကြေး ငါးခုဖြင့် နိုင်ငံအလိုက် အဆင့် (၄) ရရှိခဲ့သည့် မြန်မာလှေလှော်အားကစားအဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၁ ရက် ညနေပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ် ကန်လမ်းရှိ Thai Port ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်နာယကဦးကျော်စိန်ကိုယ်စား ဦးသိန်းထွန်းက ချီးမြှင့်ငွေကျပ်သိန်း ၃၃၀ (ဝဝပုံ)၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ Mr.Lai၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေတို့က ငွေကျပ်သိန်း ၅၀ စီနှင့် အတွင်းရေးမှူး ဦးသက်လွင်တို့က ထိုင်းရိုးရာလှေပြိုင်ပွဲတွင် ချီးမြှင့်ငွေရရှိခဲ့သော ထိုင်းဘတ်ငွေ ၁၆၀၀၀၀ တို့ကို ဆုရအားကစားသမားများကို ပေးအပ်ချီးမြှင့်ပေးကြောင်း သိရသည်။

အာကာစိုး

ပြည်တွင်းဈေးကွက်၊ ပြည်တွင်းထုတ်ကုန်

ပြီးခဲ့သည့် ဒီမိုကရေစီအစိုးရနှစ်ရပ် သက်တမ်းများအတွင်း ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းကုန်ထုတ်လုပ်ခြင်းများကို အားပေးခြင်းများ မရှိခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့သလို ၂၀၁၈/၂၀၁၉ ခုနှစ်ခန့်မှ စတင်၍ စီးပွားရေးကျဆင်းမှု ဖြစ်ပေါ်လာခဲ့ကြောင်း တွေ့ရှိရသည်။ ၎င်းနောက်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုနှင့် နိုင်ငံရေးဆူပူမှုများကြောင့် နိုင်ငံ၏စီးပွားရေးကျဆင်းမှုလည်း ဖြစ်ပေါ်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူစဉ်ကာလအတွင်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်မှန်းဆောင်ရွက်ရာတွင် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍကို အားပေးလျက်ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်လုပ်မှုများ တိုးတက်မြင့်မားရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားပေးကူညီလျက် ရှိသည်။ ကုန်ထုတ်လုပ်မှုအရင်းအမြစ်များတွင် ငွေကြေးအရင်းအနှီး (capital)၊ လူလုပ်အား (labour)၊ သဘာဝသယံဇာတများ (land) နှင့် အတတ်ပညာ နည်းပညာများ (Technology) တို့ ပါဝင်လျက်ရှိကြရာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကမောင်းနှင်အားဖြစ်သည့် သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်းများ (MSME) များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် လိုအပ်သည့် အရင်းအမြစ်များကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးလျက်ရှိသည်။

ပြည်တွင်း MSME များအနေဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာဖြင့် အရေအတွက်အများအပြားထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပသို့ တင်ပို့ရန်အထိပါ ရည်မှန်းထုတ်လုပ်သွားရန် လိုအပ်သည်။ နိုင်ငံတော်အကြီးကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က UMFCCI ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဒီဇင်ဘာ ၂၃ ရက်က တွေ့ဆုံရာတွင် "မိမိတို့နိုင်ငံတွင် လူသုံးကုန်ပစ္စည်းများကို ပြည်ပမှ အများဆုံးမှာယူသုံးစွဲနေရသဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများ များပြားလျက်ရှိကြောင်း၊ ထို့ကြောင့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ထုတ်လုပ်ပြီး စျေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချမည်ဆိုပါက တိုင်းပြည်အတွက် များစွာအကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း" ပြောကြားခဲ့ရာ ပြည်တွင်းလူသုံးကုန်ပစ္စည်းစျေးကွက်တွင် အရည်အသွေးမီ ပြည်တွင်းထုတ် လူသုံးကုန်ပစ္စည်းများဖြင့် ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။ မိမိတို့ပြည်တွင်း၌ သုံးစွဲနေသည့် လူသုံးကုန်ပစ္စည်းအများစုမှာ အိမ်နီးချင်းနိုင်ငံ အချို့ရှိ MSME လုပ်ငန်းများမှထုတ်လုပ်သည့် ထုတ်ကုန်များ ဖြစ်ပြီး နည်းပညာအားဖြင့်လည်း မြင့်မားလှသည်မဟုတ်သည်ကို တွေ့ရှိနိုင်သည်။ စားသောက်ကုန်ပစ္စည်းများဆိုလျှင် လိုအပ်သည့် ကုန်ကြမ်းအားလုံးလိုလို ပြည်တွင်း၌ ရရှိနိုင်သည့် ပစ္စည်းများဖြင့် ထုတ်လုပ်ထားကြခြင်းဖြစ်သည်။

စားသုံးသူများအနေဖြင့် ကုန်ပစ္စည်း၏ အရည်အသွေး ပြည့်မီကောင်းမွန်မှုနှင့် စျေးနှုန်းသက်သာမှုတို့အပေါ်တွင် ရွေးချယ်ကြခြင်းဖြစ်ရာ ယင်းအချက်များတွင် ပြည်ပမှ သွင်းကုန်များနှင့် ယှဉ်ပြိုင်နိုင်သည့် ပြည်တွင်းထုတ်ကုန်များမှာ ပြည်တွင်းစျေးကွက်တွင် အခိုင်အမာနေရာရမည်သာဖြစ်သည်။ ယခုအခါ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် ကျင်းပလျက်ရှိကြသော ပြည်တွင်း MSME ထုတ်ကုန်ပြပွဲများ မှတစ်ဆင့် ပြည်တွင်းစျေးကွက်များဆီသို့ ပြည်တွင်းထုတ်ကုန်စည်များ ရောင်းပန်းဝယ်ပန်း ပွင့်လန်းနိုင်ကြပါစေကြောင်း။ ။

ပြည်တွင်းမှ ထုတ်လုပ်သည့် ထုတ်ကုန်များကို ဦးစားပေး၍ ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးဖြစ်ထွန်းစေ ပြည်တွင်းစီးပွားရေးတိုးတက်ရန်အတွက် လူတစ်စု၏ စီးပွားတိုးတက်ရေးထက် လူအများစီးပွားရေးတိုးတက်ရန်လို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ရန်ကုန်မြို့၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) မင်္ဂလာခန်းမ၌ တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်ဝန်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) မှ ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ကဏ္ဍအလိုက် လိုအပ်ချက်များအား တင်ပြဆွေးနွေး

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းက အသင်းချုပ် စတင်တည်ထောင်ခဲ့မှု၊ အသင်းချုပ်အား ဖွဲ့စည်းထားရှိမှု၊ အသင်းချုပ်၏ ညီနောင်အသင်းအဖွဲ့များအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စိစစ်လက်ခံမှု၊ အသင်းချုပ်၏ လည်ပတ်နေမှု၊ အသင်းချုပ်၏ မူဝါဒများနှင့် ရှေ့ဆက်လက် ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် UMFCCI ဒုတိယ ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌဖြစ်သူ ဦးရဲမင်းအောင်နှင့် တက်ရောက်လာကြသည့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက အသင်းအဖွဲ့အလိုက် ဖွဲ့စည်း ဆောင်ရွက်ထားရှိမှု၊ ကဏ္ဍအလိုက်မှ ပို့ကုန်များကို ပိုမိုတိုးမြှင့်

- **အစိုးရအဆက်ဆက်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သကဲ့သို့ မိမိတို့အနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ ကုန်ထုတ်လုပ်မှုများရှိမှသာလျှင် ရောင်းဝယ်မှုများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်နိုင်မည်**
- **ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်ပေးရ၊ ထုတ်ကုန်များရရှိရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)ကိုအခြေခံသည့် လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိ**

တင်ပို့နိုင်ရေး နိုင်ငံတကာ အသိအမှတ်ပြုဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရန်လိုအပ်မှု၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းစနစ်များ အသုံးပြုဆောင်ရွက်ရန် လိုအပ်မှု၊ စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရင်းအနှီး၊ ကျွမ်းကျင်လုပ်သားများ၊ နည်းပညာ စသည်တို့တွင် ကူညီဆောင်ရွက်ပေးစေလိုမှု၊ လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများတင်သွင်းရာတွင် ကုန်ပစ္စည်း အရည်အသွေးပြည့်မီမှု စစ်ဆေးပေးနိုင်ရန်နှင့် ကုန်သွယ်ခွန်ကောက်ခံမှုအား သက်သာသောနှုန်းထားဖြင့် ခွင့်ပြုပေးစေလိုမှု၊ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားနှင့် အတတ်ပညာရှင်လူသားအရင်းအမြစ်များ လိုအပ်မှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူမှုတွင် ပုဂ္ဂလိကကဏ္ဍအားပေး ကူညီစေလိုမှုနှင့် လျှပ်စစ်စွမ်းအင်သုံး သယ်ယူပို့ဆောင်ရေးယာဉ်များ နိုင်ငံအတွင်း အသုံးပြုမှုတွင် ကျယ်လာစေရေး ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း ထုတ်ကုန်ပစ္စည်းများအား ဈေးကွက်ရရှိရေး ကုန်စည်ပြပွဲများတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်မှု၊ ပြည်သူများ အလုပ်အကိုင်ကောင်းမွန်စွာရရှိရေး၊ ပြည်ပပို့ကုန်များ ဈေးကွက် ပိုမိုရရှိရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစိုးရနှင့် စီးပွားရေး လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ရန် လိုအပ်မှု၊ ICT ဆိုင်ရာသွင်းကုန်ပစ္စည်းများ အခွန်နှုန်းသက်သာစွာဖြင့် ရရှိရေး ကန့်သတ်ချက်များ ဖြေလျှော့ပေးစေလိုမှု၊ ကျောက်မျက်ရတနာရောင်းချပွဲများတွင် နိုင်ငံခြားငွေဖြင့် ရောင်းချသည့် ပြပွဲများအပြင် မြန်မာကျပ်ငွေဖြင့် ရောင်းချသည့် ပြပွဲများကိုလည်း စီစဉ်ဆောင်ရွက်ပေးစေလိုမှု စသည်တို့နှင့် ပတ်သက်၍ လိုအပ်ချက်များ အသီးသီးအကြံပြု ဆွေးနွေးတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ထို့နောက် တက်ရောက်လာကြသူများ၏ ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာ ကံဇော်၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်း၊ ဦးအောင်နိုင်ဦးတို့က နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမတည်ငွေနှင့် လိုအပ်ချက်များအား တတ်နိုင်သရွေ့ နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ လိုင်စင်များနှင့် ပတ်သက်၍ အချိန်နှင့် တစ်ပြေးညီ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုး မွေးမြူရေးကို အခြေခံသည့် ထုတ်ကုန်လုပ်ငန်းများအတွက် လိုအပ်သည့် နည်းပညာနှင့် အရင်းအနှီးများကို သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိမှု၊ လျှပ်စစ်စွမ်းအင်သုံး သယ်ယူပို့ဆောင်ရေးယာဉ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဝန်ကြီးဌာနများမှလည်း ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှုနှင့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု စသည်ဖြင့် သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီး ပြန်လည်ဆွေးနွေး ပြောကြားကြသည်။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အားပေးဆောင်ရွက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)သည် ဖွဲ့စည်းတည်ထောင်မှုနှစ်ပေါင်း ၁၀၀ ကျော်ရှိပြီဖြစ်ပြီး အမှီအခိုကင်းသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ အစိုးရအဆက်ဆက်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သကဲ့သို့ မိမိတို့ အနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုများရှိမှသာလျှင် ရောင်းဝယ်မှုများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်ပေးရကြောင်း၊ ထုတ်ကုန်များရရှိရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) ကိုအခြေခံသည့် လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၅ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်

စာမျက်နှာ ၄ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

စာမျက်နှာ ၃ မှ

ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှုများကို ဆောင်ရွက်ခြင်းသည် အကျိုးများစွာဖြစ်ထွန်းစေပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများ၏ ရည်ရွယ်ချက်သည် ပြည်တွင်းစီးပွားရေးအားပေးရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်ပစ္စည်းများကို တိုးမြှင့်တင်ပို့နိုင်ရန်ဖြစ်ကြောင်း၊ ပြည်တွင်းစီးပွားရေးကို အားပေးရန်အတွက် ကုန်ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ဒီမိုကရေစီ ပထမအစိုးရနှင့် ဒုတိယအစိုးရ သက်တမ်းတို့တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုထက် ပြည်ပမှသွင်းကုန်တင်သွင်းမှုကို ဦးစားပေးခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေများရှိခဲ့ကြောင်း၊ ပြည်တွင်းမှ ထုတ်လုပ်သည့် ထုတ်ကုန်များကို ဦးစားပေး၍ ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးဖြစ်ထွန်းစေကြောင်း၊ ပြည်တွင်း စီးပွားရေးတိုးတက်ရန်အတွက် လူတစ်စု၏ စီးပွားတိုးတက်ရေးထက် လူအများ စီးပွားရေး တိုးတက်ရန်လည်းလိုကြောင်း၊ ထို့ကြောင့် အများစုအကျိုးရှိနိုင်သည့် စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဈေးကွက်စီးပွားရေးစနစ် ပိုမိုပီပြင်လာ

ခေတ်အဆက်ဆက်တွင် နိုင်ငံ့စီးပွားရေးတိုးတက်ရေးအတွက် စနစ်အမျိုးမျိုးဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် ဈေးကွက်စီးပွားရေးစနစ်ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းချိန်၌ ဈေးကွက်စီးပွားရေးစနစ် ပိုမိုပီပြင်လာခဲ့ကြောင်း၊ သို့သော် နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကမှ မလုပ်နိုင်သည့် အချို့သောစီးပွားရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေရကြောင်း၊ မိမိတို့၏ ရည်ရွယ်ချက်မှာ ပုဂ္ဂလိကစီးပွားရေးကို အားပေးလိုခြင်းဖြစ်ကြောင်း၊ သို့သော် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်းကမ်းပိုင်းဆိုင်ရာအရ အစိုးရတစ်ရပ်၏ ထိန်းကျောင်းမှုဖြင့်လည်း ကင်း၍ ရနိုင်မည် မဟုတ်သောကြောင့် ယခုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းအနေဖြင့်လည်း နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့နိုင်ငံတွင် ထုတ်ကုန်ပစ္စည်းနည်းပါးမှုကြောင့် ရောင်းဝယ်မှုနည်းပါးခြင်းဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာဖြင့် အရည်အတွက် များပြားစွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် သယံဇာတပစ္စည်းများမှ ထုတ်ကုန်ပစ္စည်းများကို ထိရောက်စွာအသုံးချ၍ အကျိုးရှိစွာ အသုံးပြုမည်ဆိုပါက မိမိတို့နိုင်ငံ၏ စီးပွားရေးကဏ္ဍမှာ တိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံတော်မှထုတ်ချေးပေးသည့် ချေးငွေနှင့် ပတ်သက်၍ ဖွံ့ဖြိုးရေးအရ ချေးငွေများရှိသကဲ့သို့ စီးပွားရေးအရ ထုတ်ချေးပေးသည့် ချေးငွေများ ရှိကြောင်း၊ နိုင်ငံတော်မှ တတ်နိုင်သမျှ ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း၊ နိုင်ငံအတွင်း ငွေကြေးလည်ပတ်သုံးစွဲမှုများ များပြားမှသာလျှင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် သွင်းအားစုများ လိုအပ်သဖြင့် ရရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း စီမံကိန်းများအနက် အချို့မှာ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့ရသဖြင့် လျှပ်စစ်ဓာတ်အားလုံလောက်မှု မရှိသေးကြောင်း၊ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ စပါးခွံလောင်စာသုံး Gastifire ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကိုလည်း လက်တွေ့အသုံးချနိုင်မည်ဆိုပါက အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဓာတ်မြေသြဇာနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဓာတ်မြေသြဇာစက်ရုံများရှိပြီး အဆိုပါစက်ရုံများ လည်ပတ်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ မွေးမြူပြီး ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို ဇီဝမြေသြဇာများအဖြစ် အသုံးချနိုင်ကြောင်း၊ အလားတူ အီးအမ်ဘိုကာချီကဲ့သို့သော သဘာဝမြေသြဇာများကိုလည်း အသုံးပြုဆောင်ရွက်၍ရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း လေးရပ်စလုံး ပြည့်စုံကောင်းမွန်နေရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကြိုးပမ်းဆောင်ရွက်ပေးမည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ထို့ပြင် မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခွင့်ပြုပေးထားသည့် မြေနေရာများတွင် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်ပြီး အကျိုးရှိစွာ အသုံးချကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး ထွက်ကုန်ပစ္စည်းများဖြင့် လူသုံးကုန်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းထုတ်လုပ်ခြင်း လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်ပြီး ၎င်းထက် ပိုမိုထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မည် ဖြစ်ကြောင်း။

လူသားအရင်းအမြစ်ကောင်းများ ရရှိရေး

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ပြည်သူများ ပညာရည်မြင့်မားရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာပညာရပ်များအလိုက် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး ဘာသာရပ်များအလိုက် သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ ပုဂ္ဂလိကအနေဖြင့်လည်း ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးမည်ဆိုပါက နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် များစွာကြီးမားပြီး နိုင်ငံအတွက် အကျိုးများစွာ ဖြစ်ထွန်းနိုင်သည့် ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်ကြောင်း၊ ဘာသာရပ်အလိုက် ပညာရပ်များကို အမှန်တကယ် ကျွမ်းကျင်ပိုင်နိုင်သည် အထိ သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း။

သယံဇာတများကို အကျိုးရှိရှိ ထုတ်ယူသုံးစွဲ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားပေးဆောင်ရွက်

မိမိတို့နိုင်ငံတွင် စက္ကူလိုအပ်ချက်များစွာရှိပြီး သစ်နှင့် ဝါးသယံဇာတများကို စနစ်တကျထုတ်ယူ အသုံးပြု၍ ၎င်းတို့မှ စက္ကူပျော့ဖတ်များ ထုတ်လုပ်၍ရကြောင်း၊ ပြည်တွင်း၌ စက္ကူပျော့ဖတ်နှင့် စက္ကူထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်တွင်းမှ ထွက်ရှိသည့် ရော်ဘာများဖြင့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်ရန်လိုကြောင်း၊ အလားတူ ချည်နှင့် ချည်ထည်များကို နှစ်စဉ်ပြည်ပမှ တင်သွင်းနေရမှုများ ရှိသဖြင့် ပြည်တွင်း၀ါစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အထည်ချုပ်လုပ်ငန်းများနှင့် ပတ်သက်၍ ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ အထည်ချုပ်လုပ်ငန်းသည် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ကြောင်း၊ လုပ်သားများ၏ လစာငွေများနှင့် ရပိုင်ခွင့်များကိုလည်း မှန်မှန်ကန်ကန်ရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်သားများ ကျွမ်းကျင်မှုရှိစေရေးနှင့် စက်ပစ္စည်းများ တိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ထုတ်ကုန်ပစ္စည်းများ အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်လာပြီး ဝယ်လိုအားမြင့်တက်လာမည် ဖြစ်ကြောင်း။

ပြည်တွင်းဆောက်လုပ်ရေး လုပ်ငန်းများအတွက် လိုအပ်သည့် သံမဏိများထုတ်လုပ်နိုင်ရန်အတွက် ကုန်ကြမ်းပစ္စည်းများရှိပြီးဖြစ်ကြောင်း၊ ပြည်တွင်း၌ သံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက မည်သည့် တိုင်းရင်းသားလုပ်ငန်းရှင်များကိုမဆို အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လူသုံးကုန်ပစ္စည်းများကို ပြည်ပမှ အများဆုံးမှာယူသုံးစွဲနေရသဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများ များပြားလျက်ရှိကြောင်း၊ ထို့ကြောင့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချမည်ဆိုပါက တိုင်းပြည်အတွက် များစွာအကျိုးရှိစေနိုင်မည် ဖြစ်ကြောင်း။

ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ မိမိတို့စတင် တာဝန်ယူချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် ဘဏ်လုပ်ငန်းများ ရပ်တန့်ခဲ့ရကြောင်း၊ သို့သော် ယခုအခါ ဘဏ်လုပ်ငန်းများ ပြန်လည်လည်ပတ်လာပြီဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းဆောင်ရွက်သူများ အနေဖြင့်လည်း လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် စနစ်တကျဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံအတွက် ဘဏ်လုပ်ငန်းသည် အရေးကြီးသဖြင့် ဘဏ်များပြိုလဲမှုမရှိစေရေး နိုင်ငံတော်မှ ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းကို အထောက်အကူပြုနိုင်သည့် ရပ်ရွာများ သန့်ရှင်းသာယာလှပရေးအတွက် အမြဲမပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်နိုင်မည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ဆေးဝါးလိုအပ်မှုများရှိသဖြင့် အချို့သောဆေးဝါးများမှလွဲ၍ ထုတ်လုပ်နိုင်သည့် ဆေးဝါးများကို လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အလားတူ မိမိတို့နိုင်ငံမှ ပြည်ပနိုင်ငံများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူသူများ များပြားလျက်ရှိကြောင်း၊ ပြည်တွင်း၌ ပုဂ္ဂလိကဆေးရုံလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ပြည်သူများအတွက် များစွာအထောက်အကူပြုမည် ဖြစ်၍ ဆောင်ရွက်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံစီးပွားတိုးတက်ရေးအတွက် ယခုတက်ရောက်လာကြသည့် အဖွဲ့အစည်းမှ အများဆုံး ဆောင်ရွက်နေခြင်းဖြစ်သဖြင့် နိုင်ငံရေးကင်းရှင်းစွာဖြင့် နိုင်ငံ့အကျိုးကိုကြည့်၍ အတူတကွ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

“နိုင်ငံအရေးမှာ ကိုယ့်ပြည်တွင်းအရေးမှာ ပြည်ပက ပါဝင်နေသမျှ ကာလပတ်လုံး တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ဆိုတာ တော်တော် ခက်ပါတယ်။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံ သားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်ပါတယ်။ တခြားပြည်ပ နိုင်ငံတွေကနေပြီးတော့ ဝင်ရောက်စွက်ဖက်ပြီး ဆုံးဖြတ်ရအောင် ဆောင်ရွက်ပေးလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံ သားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်မယ်။”

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၂-၅-၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

ပြည်ထောင်စုတိုင်းရင်းသားများ — ဓာတ်ပုံ - စိုင်းထွန်းနေလှိုင်

❖ *ရှေ့ဖိုးမှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော် ချီးမွမ်းခြင်းအခမ်းအနားတွင် တက်ရောက်လာကြသူများနှင့်အတူ ဓမ္မသီချင်း သံပြိုင်သီဆို ချီးမွမ်းကြစဉ်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်၊ မြန်မာနိုင်ငံ ခရစ်ယာန်ကောင်စီမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ကက်သလစ်သာသနာမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ဇဝံဂေလိ ခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ခရစ်တော် သာသနာပြန့်ပွားမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာဝင်များ၊ ကက်သလစ်လူငယ်အဖွဲ့များနှင့် ခရစ်ယာန်ဘာသာဝင် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Holy Cathedral Church သို့ ရောက်ရှိကြရာ ရန်ကုန် ကက်သလစ် ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ် ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုနှင့် သင်းအုပ်ဆရာကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် အခမ်းအနားကို စတင်ကျင်းပပြီး သိက္ခာတော်ရဆရာ စောစံအောင် (MCMC)က ခရစ္စမတ် ဆုတောင်းပြီး **“ယေရှုကြွလာတော်ကျူး”** ဓမ္မသီချင်းကို သံပြိုင်သီဆို ချီးမွမ်းကြသည်။ ထို့နောက် သိက္ခာတော်ရဆရာ စောစမ်စန်(MBC)က ခရစ်ယာန်အဖွဲ့ချုပ်ကြီးကိုယ်စား ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ခရစ်ယာန်ဘာသာဝင်များအနေဖြင့် ခရစ္စမတ်ပွဲတော်ဝတ်ပြုကိုးကွယ်မှုအစီအစဉ်များကို နှစ်စဉ်ဒီဇင်ဘာလတွင် ကျင်းပကြလေ့ရှိပါကြောင်း၊ အထူးသဖြင့် နှစ်စဉ် ဒီဇင်ဘာလ ၂၅ ရက်ကို ခရစ္စမတ်နေ့အဖြစ် သတ်မှတ်ပြီး ကျင်းပလာခြင်းဖြစ်သည့်အတွက် ခရစ်ယာန်ဘာသာဝင်များ၏ ထူးကဲကြီးမြတ်သည့် နေ့ထူးနေ့မြတ်ဖြစ်ကြောင်းကိုလည်း ဂုဏ်ပြုပြောကြားလိုပါကြောင်း၊ ယခုကဲ့သို့ ခရစ္စမတ်ပွဲတော် နေ့ထူးနေ့မြတ် အခါသမယတွင် ခရစ်ယာန်ဘာသာဝင်များနှင့်အတူ ပါဝင်ဆင်နွဲရသည့်အတွက် များစွာဂုဏ်ယူပါကြောင်းနှင့် ခရစ်ယာန်ဘာသာဝင်များ အားလုံးနှင့် တကွ မြန်မာနိုင်ငံသူ နိုင်ငံသားများအပါအဝင် ကမ္ဘာသူ၊ ကမ္ဘာသားများအားလုံး ခရစ်တော်၏ မေတ္တာတရားနှင့် ငြိမ်းချမ်းသာယာရှိကြပါစေဟု ထပ်လောင်း ဆန္ဒပြုမေတ္တာ ပို့သအပ်ပါကြောင်း။

ခရစ္စမတ်ပွဲတော် ဝတ်ပြုကိုးကွယ်မှု ဆောင်ရွက်ခြင်း၏ အနှစ်သာရသည် လူသားမျိုးနွယ်များအပေါ် ဘုရားရှင်၏ ကြီးမားလှသည့် မေတ္တာတရားများ၊ ချစ်ခြင်း တရားများ၊ ကရုဏာတရားများကို မျှဝေပေးခြင်း၊ ပြသပေးခြင်းဖြစ်ပါကြောင်း၊ တစ်ဦးအပေါ် တစ်ဦး မေတ္တာတရား၊ ချစ်ခြင်းတရားများဖြင့် ခရစ္စမတ်၏ အနှစ်သာရကို လူသားအားလုံးက တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ငြိမ်းချမ်းသာယာဝပြောသည့် လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းမှသည် အေးချမ်းသာယာသည့် ကမ္ဘာကြီးအဖြစ် ရောက်ရှိလာနိုင်မှာ ဖြစ်ပါကြောင်း။

ကမ္ဘာပေါ်တွင် ကိုးကွယ်မှုဘာသာများစွာရှိပြီး အဓိကဘာသာကြီး (၄)ခုအဖြစ် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာတို့ကို သတ်မှတ်ထားကြပါကြောင်း၊ မည်သည့် ဘာသာကို ကိုးကွယ်သည်ဖြစ်စေ ဘာသာတိုင်းသည် လူသားများအတွက် လောကီအကျိုး၊ လောကုတ္တရာ ကောင်းကျိုး၊ ငြိမ်းချမ်းမှု၊ မေတ္တာတရား၊ ချစ်ခြင်းတရား၊ ကရုဏာတရားများကိုသာ ညွှန်ပြပေးနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဘာသာတရားများ၏ ညွှန်ပြမှု အဆုံးအမများကို လိုက်နာကျင့်သုံး၊ ကျင့်ကြံကြမည်ဆိုပါက ငြိမ်းချမ်းသာယာသည့် လူ့အသိုက်အဝန်း၊ ငြိမ်းချမ်းသာယာဝပြောသည့် နိုင်ငံအဖြစ်တည်ရှိနေမည်မှာ ဧကန်မလွဲဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ဘာသာကြီး (၄)ခုအပြင် အခြားသောဘာသာများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွတ်လပ်စွာကိုးကွယ်ခွင့်ပြုထားပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အသိအမှတ်ပြုထားသည့် ဘာသာများကို

စာမျက်နှာ ၆ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးနှင့် သိက္ခာတော်ရဆရာ ဒေါက်တာ အေးမင်းတို့က အမှတ်တရမေတ္တာလက်ဆောင် ပန်းချီကားပေးအပ်စဉ်။

စာမျက်နှာ ၅ မှ

တတ်နိုင်သမျှ ကူညီစောင့်ရှောက်လျက်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူများ ပုဒ်မ ၃၄ တွင် "ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ဆောင်ရွက်နိုင်သော အခွင့်အရေးတို့ကိုအညီအမျှ ရရှိစေရမည်" ဟု ပြဋ္ဌာန်းထားပါကြောင်း။

အတူတကွနေထိုင်ခဲ့ကြ

မြန်မာနိုင်ငံတွင် အများဆုံးကိုးကွယ်မှုရှိနေသည့် ဗုဒ္ဓဘာသာနှင့်အတူ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် အခြားသော ဘာသာဝင်များသည် ရှေးနှစ်ပေါင်း ပဝေသဏီထဲကပင် အတူတကွနေထိုင်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ မည်သည့်ဘာသာကိုမျှ ထိခိုက်နစ်နာစေခြင်း၊ ခွဲခြားဆက်ဆံခြင်းမရှိဘဲ လူမျိုးမရွေး၊ ဘာသာမရွေး အပြန်အလှန်လေးလေးစားစား ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် နိုင်ငံတော်၏ ကောင်းကျိုးများကို ညီအစ်ကိုမောင်နှမရင်း စိတ်ထားနှင့် တည်ဆောက်ခဲ့ကြပါကြောင်း၊ ဆက်လက်ပြီး တည်ဆောက်ကြရန် လိုအပ်သကဲ့သို့ ဘာသာရေးကို အလွဲသုံးစားပြုပြီး မိမိတို့နိုင်ငံသားများ အချင်းချင်း၏အကြားတွင် စည်းလုံးညီညွတ်မှုပျက်ပြားအောင်၊ ပြိုကွဲအောင် လုပ်ဆောင်နေမှုများကိုလည်း အစဉ်သတိပြုကာကွယ်ကြရန် လိုအပ်သည်ကိုလည်း ပြောကြားလိုပါကြောင်း။

ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး အနည်းငယ် ပြောကြားလိုပါကြောင်း၊ ဘာသာတရားတိုင်းသည် ငြိမ်းချမ်းမှုကို အခြေပြုထားသဖြင့် လူ့အဖွဲ့အစည်းတိုင်းတွင်လည်း ငြိမ်းချမ်းမှုလိုအပ်သည်ကို တွေ့ရှိရ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ခရစ်စမတ်အထိမ်းအမှတ်လက်ဆောင်နှင့် အလှူငွေများ ပေးအပ်စဉ်။

မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးတံခါးများ အမြဲဖွင့်လှစ်ထားသကဲ့သို့ တပ်မတော်အနေဖြင့်လည်း ငြိမ်းချမ်းရေးအတွက် အမြဲအသင့်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအရ နိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်သည့် အစိုးရတိုင်းသည် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း။

မိမိတို့အစိုးရ လက်ထက်တွင်လည်း ငြိမ်းချမ်းရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ကြွရောက်လာကြသည့် ခရစ်ယာန်ဘာသာဂိုဏ်းပေါင်းစုံအသီးသီးမှ ဆရာတော်ကြီးများနှင့် ဘာသာပေါင်းစုံက အကြီးအကဲများအနေဖြင့်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ထာဝရ ငြိမ်းချမ်းရေးရရှိနိုင်ရေးအတွက် မိမိတို့တတ်နိုင်သည့် ဘက်က တတ်နိုင်သမျှနည်းလမ်းများနှင့် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင် ဆောင်ရွက်ပေးကြပါရန် ပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံအတွက် အမျိုးသားရေး မျှော်မှန်းချက် (၂) ရပ်မှာ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာ ဖူလုံပေါများရေးတို့ ဖြစ်ပါကြောင်း။

ဘာသာသာသနာ၏ အဓိကအဆုံးအမမှာ "သာယာဝပြောခြင်း" ဖြစ်သည့်အတွက် တိုင်းပြည်သာယာဝပြောရေးအတွက် မိမိဆန္ဒပြုသည့် ငြိမ်းချမ်းရေးနှင့်အတူ လူသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ထပ်မံတိုက်တွန်းလိုပါကြောင်း၊ စည်းကမ်းတကျ နေထိုင်လုပ်ကိုင်ခြင်းသည် သာယာဝပြောမှုကို ရစေမည်ဖြစ်ပါကြောင်း၊ စားရေရိက္ခာဖူလုံပေါများခြင်းသည်လည်း တိုင်းပြည်သာယာဝပြောခြင်းကို တိုက်ရိုက် အထောက်ကူပြုပါကြောင်း၊ ထို့ကြောင့် နိုင်ငံအဝှမ်းရှိ ရဟန်းရှင်လူအားလုံး ကိုယ်စီထိန်းသိမ်းကြိုးစား လုပ်ဆောင်သွားကြရန်လိုပါကြောင်း။

ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

၂၀၂၂ ခုနှစ်အတွက် ကျင်းပသည့် ခရစ္စမတ်နေ့ထူးနေ့မြတ် အခါသမယမှစ၍ မြန်မာနိုင်ငံ၌ အဓိကလိုအပ်နေသည့် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေးတို့ အမြန်ရောက်ရှိနိုင်ရေးနှင့် ဘာသာတရားအားလုံး ငြိမ်းချမ်းစွာအတူလက်တွဲနေထိုင်ရေးဆိုသည့် ကောင်းမြတ်သော အခွင့်အရေးများကို နိုင်ငံသားများ အားလုံး ရရှိနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုပါကြောင်း။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကျော်ကာလက ခရစ်တော် မွေးဖွားသည့် ညအခါ သမယတွင် ကောင်းကင်တမန်များက သိုးထိန်းနေသည့် သိုးထိန်းများကို ကိုယ်ထင်ရှားပြပြီး "ရှင်လုကာ အခန်းကြီး ၂ အခန်းငယ် ၁၄" တွင် ဖော်ပြထားသည့် "Peace on Earth and Good will toward men" "မြေကြီးပေါ်တွင်လည်း ငြိမ်သက်ခြင်း ရှိစေသတည်း၊ လူတို့အား မေတ္တာကရုဏာရှိစေသတည်း"ဟု ပြောကြားချက်အတိုင်း ယနေ့ ဝတ်ပြုကိုးကွယ်မှု အစီအစဉ်ကို ဦးဆောင်ကျင်းပသည့် မြန်မာနိုင်ငံခရစ်ယာန်ကောင်စီ အပါအဝင် ခရစ်ယာန်ဘာသာ ဂိုဏ်းပေါင်းစုံမှ ဆရာတော်ကြီးများနှင့် ဆရာတော်များ၊ ပြည်ထောင်စုအဆင့် ဌာနဆိုင်ရာလူကြီးမင်းများ၊ တပ်မတော်အရာရှိကြီးများ၊ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့မှ လူကြီးမင်းများ၊ အထူးဧည့်သည်တော်များနှင့် နိုင်ငံသူနိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မေတ္တာတရားပွားများနိုင်ကြပါစေ၊ ပျော်ရွှင်ခြင်း၊ ရွှင်လန်းခြင်း၊ ငြိမ်သက်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ဝမ်းမြောက်ခြင်းနှင့် အတူ ခရစ္စမတ်၏ ကောင်းခြင်းမင်္ဂလာ အဖြာဖြာ ခံစားနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် Sr. Daisy(CBCM) က သမ္မာကျမ်းစာကိုလည်းကောင်း၊ ဂိုဏ်းချုပ် ဆရာတော်ကြီး ဦးမြတ်ဆန်းက အပြန်အလှန်ဖတ်ကြားခြင်းကိုလည်းကောင်း၊ သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးက ခရစ္စမတ်ဒေသနာတော်ကိုလည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် သိက္ခာတော်ရဆရာ ဒေါက်တာမျိုးဝင်းနှင့် သိက္ခာတော်ရဆရာ ဒေါက်တာ အေးမင်းတို့က ကျေးဇူးတင်စကားနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအတွက် အထူးဆုတောင်းခြင်းတို့ကို ဆောင်ရွက်ကြပြီး **"တိတ်ဆိတ်သည် သန့်ရှင်းညကျူး"** ဓမ္မသီချင်းကို သံပြိုင်သီဆိုချီးမွမ်းကြသည်။

ယင်းနောက် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ခရစ္စမတ် သတင်းကောင်းနှင့် ဆုမွန်စကားမျှဝေပြောကြားရာတွင် မင်္ဂလာရှိသော ခရစ္စမတ် အခါသမယတွင် ခရစ်ယာန်ဘာသာဝင်များ သာမက ကမ္ဘာပေါ်ရှိ လူသားအားလုံး ခရစ္စမတ်၏ ကောင်းခြင်းမင်္ဂလာတို့ဖြင့် ပြည့်စုံပါစေကြောင်း၊ မြန်မာပြည်သူပြည်သားအားလုံး စစ်မှန်သည့် ငြိမ်းချမ်းရေး ရရှိကြပြီး ခန္ဓာစိတ်ဝမ်း ငြိမ်းချမ်းကြပါစေကြောင်း၊ ဘာသာရေး၊ စီးပွားရေး၊ လူမှုရေးမှအစ အလုံးစုံတို့တွင် အဆင်ပြေချောမွေ့ကြပါစေကြောင်း၊ ငြိမ်းချမ်းသာယာဝပြောပြီး ဝမ်းမြောက်ခြင်းများနှင့် ပြည့်ဝနိုင်ကြပါစေကြောင်း ခရစ္စမတ် ဆုတောင်းပေးသည်။

ယင်းနောက် ခရစ္စမတ်အခါသမယ မိတ်သဟာယ ညစာစားပွဲဖြစ်မြောက်ရေးနှင့် ပါဝင်ပေးခဲ့သူများ အားလုံးအတွက် ကျေးဇူးတော်ချီးမွမ်းခြင်း ဆောင်ရွက်သည်။

အလှူငွေများ ပြန်လည်ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ သာသနာပိုင်ချုပ်ကြီး စတီဗင် သန်းမြင့်ဦးနှင့် သိက္ခာတော်ရဆရာ ဒေါက်တာ အေးမင်းတို့က ခရစ္စမတ် အမှတ်တရမေတ္တာလက်ဆောင် ပန်းချီကားကို ပေးအပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ခရစ္စမတ် အထိမ်းအမှတ်လက်ဆောင်နှင့် အလှူငွေများ ပြန်လည်ပေးအပ်သည်။

ဂင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များ ကောင်စီ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကက်သလစ်ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့က တည်ခင်းဧည့်ခံသည့် မိတ်သဟာယ ညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

အဆိုပါသီဆိုဖျော်ဖြေပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီးဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဌေး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရုံး/ဌာန အသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဦးစွာ မြန်မာပြည်သိန်းတန် နှင့် အဖွဲ့က ရတနာပုံ၊ အောင်စေ-တည်စေ-ညီစေ၊ ယောသူတို့ရွာ၊ မဗေဒါ၊ စနေထောင့်မှာပန်းလှုမယ်၊ မြစ်ဆုံသို့လွှမ်းစိတ်မပြေ၊ ရွှေသုန္ဒရီ၊ သောကတောင်တန်း၊ ချစ်သူချင်းမို့သိနားလည်၊ ကောင်းသောညစသည့်တေးသီချင်းများဖြင့် သီဆို၍ တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တက်ရောက်လာကြသူများက ပျော်ရွှင်ကြည်နူးစွာ ကြည့်ရှုအားပေးကြသည်။

သီဆိုဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် ဇနီးတို့က မြန်မာပြည်သိန်းတန်နှင့် အဖွဲ့အား ဂုဏ်ပြုပန်းခြင်းနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှုဒါန်းသည့် အလှူငွေကျပ် သိန်း ၃၀၀ ကိုပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ယခု သီဆိုဖျော်ဖြေတင်ဆက်မှုသည် မြန်မာနိုင်ငံအနှံ့အပြားရှိ မိဘမဲ့ကလေးများ (ရင်ခွင်မဲ့ကလေးများ) အားထောက်ပံ့ကူညီ ဆောင်ရွက်နိုင်ရေးအတွက် တေးသရုပ်ဖော်မြန်မာပြည်သိန်းတန်နှင့် အဖွဲ့က သီဆိုဖျော်ဖြေတင်ဆက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နှင့် ဇနီး ဒေါ်သန်းသန်းနွယ် မြန်မာပြည် သိန်းတန်နှင့် အဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုအပေါ် မြန်မာနိုင်ငံ၏ ရပ်တည်ချက်များကိုထုတ်ပြန်

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့၌ ၂၁-၁၂-၂၀၂၂ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအစည်းအဝေး၌ မြန်မာနိုင်ငံဆိုင်ရာ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အဆိုတစ်ရပ်ကို မဲခွဲချမှတ်ခဲ့ကြောင်း သိရှိရသည်။ ကုလသမဂ္ဂပဋ္ဌိဌာဉ်စာတမ်းတွင် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းရေးကို အဓိကတာဝန်ယူဆောင်ရွက်ရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက လုံခြုံရေးကောင်စီသို့ တာဝန်အပ်နှင်းထားသည်။ မြန်မာနိုင်ငံ၏အခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် ထိခိုက်သက်ရောက်မှုမရှိဘဲ ပြည်တွင်းရေးသာဖြစ်သည်။ သို့ဖြစ်ရာ လုံခြုံရေးကောင်စီက ယခုကဲ့သို့ဆုံးဖြတ်ချက်အဆိုကို အတည်ပြုချမှတ်ခဲ့ခြင်းမှာ ကုလသမဂ္ဂပဋ္ဌိဌာဉ်စာတမ်းနှင့် ညီညွတ်ခြင်းမရှိကြောင်း အလေးထားဖော်ပြအပ်သည်။

ဖော်ပြပါ ဆုံးဖြတ်ချက်အဆိုကို ဗြိတိန်နိုင်ငံက ဦးဆောင်တင်သွင်းခဲ့ခြင်းဖြစ်ပြီး ကုလသမဂ္ဂ၏ အခြေခံမူနှင့် ရည်ရွယ်ချက်များနှင့် ဆန့်ကျင်လျက် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သောအချက်များစွာ ပါဝင်ကြောင်း တွေ့ရှိသည်။ ထို့အပြင် ဆုံးဖြတ်ချက်အဆိုတွင် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ထည့်သွင်းဖော်ပြထားရာ အထွေထွေညီလာခံ တတိယကော်မတီတွင် လည်းကောင်း၊ လူ့အခွင့်အရေးကောင်စီတွင်လည်းကောင်း အကြိမ်ကြိမ်ဆွေးနွေးပြီးသောကိစ္စရပ်များ ဖြစ်သဖြင့် လုံခြုံရေးကောင်စီ၏ လုပ်ပိုင်ခွင့်အတွင်း ကျရောက်ခြင်းမရှိသော ကိစ္စရပ်များဖြစ်ကြောင်းလည်း တွေ့ရှိရသည်။

ဆုံးဖြတ်ချက်အဆိုတွင် အကြမ်းဖက်မှုများရပ်တန့်ရန် တောင်းဆိုထားကြောင်း တွေ့ရှိရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တည်ဆဲဥပဒေများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသော တရားမဝင်အဖွဲ့အစည်းများအဖြစ် ကြေညာထားခြင်းခံရသည့် NUG နှင့် PDFs တို့၏ လုပ်ရပ်များကိုသာ ရှုတ်ချတားဆီးရန်လိုအပ်သည်။

မြန်မာနိုင်ငံသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ မဲမသမာမှုဖြစ်စဉ်များကြောင့် အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်များနှင့်အညီ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပလျက် အနိုင်ရသည့် ပါတီအား နိုင်ငံတော်တာဝန်လွှဲအပ်ပေးရေးအပါအဝင် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာအစိုးရ၏ ဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို အားပေးထောက်ခံရန်လိုအပ်သည်။

အာဆီယံတူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်မှုကို ပူးပေါင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရန်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို လေးစားရန်နှင့် အာဆီယံပဋ္ဌိဌာဉ်စာတမ်းပါအချက်များအပေါ် အခြေခံလျက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ အာဆီယံ၏အစီအစဉ်အရပေးအပ်မည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုလည်း ခွဲခြားမှုမရှိဘဲ အကူအညီလိုအပ်သူများထံ ပေးအပ်နိုင်ရေးအတွက် အထက်ပါရပ်တည်ချက်အတိုင်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် ထိတွေ့ဆက်ဆံရာတွင်လည်း မြန်မာနိုင်ငံ၏ အခြေခံရပ်တည်ချက်များဖြစ်သည့် ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရန် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို လေးစားရန်မူများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ရောက်ရှိနေသော နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံအကြား သဘောတူညီချက်များနှင့်အညီ စိစစ်လက်ခံရေးကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံဖြင့် ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံဖြစ်သည်။ မြန်မာ့အရေးစဉ်းစားရာတွင် သမိုင်းကြောင်းနှင့် အမျိုးသားစရိုက်လက္ခဏာများကို လည်းကောင်း၊ ကိုလိုနီစနစ်၏ သွေးခွဲအုပ်ချုပ်မှုကြောင့်ဖြစ်ပေါ်ရသည့် စိတ်ဝမ်းကွဲပြားမှုများကို လည်းကောင်း ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ ယင်းသို့သော နက်နဲကျယ်ပြန့်သည့်ကိစ္စရပ်များကို မြန်မာနိုင်ငံကသာ အသိရှိဆုံးဖြစ်ပြီး ဖြေရှင်းနိုင်စွမ်းရှိသည်။

နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ နောက်ခံသမိုင်းကြောင်းမှာ တူညီမှုမရှိခြင်းကြောင့် ပြည်ပနိုင်ငံများ၏ စွက်ဖက်မှုများနှင့် ဖိအားများဖြင့် ကြားဝင်ဆောင်ရွက်မှုများသည် နိုင်ငံအများအပြားခ၌ အောင်မြင်မှုမရရှိကြောင်း တွေ့ရှိရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးတို့အတွက် ပြည်သူလူထု၏ အကျိုးစီးပွားကိုရှေးရှုလျက် နိုင်ငံတော်လုံခြုံတည်ငြိမ်၊ ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အားပေးထောက်ခံရမည့်အစား ပြည်တွင်းတည်ငြိမ်မှုကို ထိခိုက်ပျက်ပြားစေမည့် ဖိအားပေးမှုများသည် မည်သို့မျှအထောက်အကူမပြုကြောင်းနှင့် ယင်းသို့သော ဆောင်ရွက်ချက်များကို မြန်မာနိုင်ငံက လက်ခံမည်မဟုတ်ကြောင်း ဖော်ပြအပ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ပါအချက်များသည် မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် အပြုသဘော အကျိုးဖြစ်ထွန်းမှုမရှိစေဘဲ နိုင်ငံရေးသွတ်သွင်းရန် ရည်ရွယ်ထားသည့် အချက်များကိုသာ ဦးစားပေးထားကြောင်းတွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ့အရေးဆောင်ရွက်ရာတွင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ မြန်မာနိုင်ငံ၏ အခြေခံမူဝါဒ ရပ်တည်ချက်များနှင့်အညီသာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်။

ဗန်းမော် - မန္တလေး ရွှေကူစတား မော်တော်ယာဉ် လိုင်းသစ်ဖွင့်လှစ်

ဗန်းမော် ဒီဇင်ဘာ ၂၃

ဗန်းမော် -မန္တလေး ရွှေကူစတား မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၈ နာရီက ကျင်းပြည်နယ် ဗန်းမော်မြို့ မင်းကုန်းရပ်ကွက် ဗောဓိလမ်းကားလေးဝင်းအနီး ဖွင့်လှစ်ကြောင်း သိရသည်။

ရွှေကူ စတားမော်ယာဉ်လိုင်း ကိုယခင်က (လွန်ခဲ့သည့်တစ်နှစ်) ကျော်ကမြစ်ကြီးနား-မိုးကောင်း -မိုးညှင်း-မန္တလေး၊ မြစ်ကြီးနား- ဗန်းမော်- ရွှေကူ ခရီးစဉ် ယာဉ်လိုင်းများသာ ပြေးဆွဲလျက်ရှိသည်။ ယခုအခါ ပြည်သူများ ခရီးသွားလာမှု ပိုမိုအဆင်ပြေစေရေးတွက် ရွှေကူစတား မော်တော်ယာဉ်လိုင်းသစ်ကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ဗန်းမော်ဂိတ်တာဝန်ခံ ဦးဇေယျာထံမှ သိရသည်။

ယာဉ်များကို မန္တလေး၊ ဗန်းမော်ဂိတ်များမှ နေ့စဉ်နံနက် ၈ နာရီမှ စတင်ထွက်ရှိပြီး ညနေ ၆ နာရီဝန်းကျင်တွင် ခရီးဆုံးမြို့ကိုရောက်ရှိကာ ယာဉ်စီးခမှာ ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ ဖြစ်ပြီး ဒီဇင်ဘာ ၂၁ ရက် နံနက် ၈ နာရီမှစ၍ မန္တလေးမှ ဗန်းမော်သို့လည်းကောင်း၊ ဗန်းမော်မှ မန္တလေးသို့လည်းကောင်း ခရီးသည်များ စတင်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ဆီမီးခုံ-နန်းရီ

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် အခွန်အယူခံခုံအဖွဲ့အဆောက်အဦးသစ် ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၂၃

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန အခွန်အယူခံခုံအဖွဲ့ အဆောက်အဦးသစ်ဖွင့်ပွဲ အခမ်းအနားကို နေပြည်တော် ကောင်စီနယ်မြေ ရုံးအမှတ် (၅၇) ဥတ္တရသီရိမြို့နယ်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးတင်ဦး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံရုံးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနနှင့် အခွန်အယူခံခုံအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးတို့က အခွန်အယူခံခုံအဖွဲ့ အဆောက်အဦးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ပြည်ထောင်စုဝန်ကြီးက အခွန်အယူခံခုံအဖွဲ့ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** တာဝန်ရှိသူများက ကမ္ဘည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြကာ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

အမှာစကားပြောကြား

ယင်းနောက် အခွန်အယူခံခုံ အဖွဲ့ အဆောက်အဦးသစ်ဖွင့်ပွဲ အခမ်းအနားကို စုပေါင်းခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အခွန်အယူခံခုံအဖွဲ့ အဆောက်အဦးသစ် ဖွင့်လှစ်ခြင်းနှင့်ပတ်သက်ပြီး အမှာစကားပြောကြားသည်။

ဆက်လက်၍ အခွန်အယူခံခုံ အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးက အခွန်အယူခံခုံအဖွဲ့ ပေါ်ပေါက်လာပုံနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အခွန်အယူခံခုံ အဖွဲ့ရုံးသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများပေးအပ်၍ တက်ရောက်လာသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၂) ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၃

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၂) ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ၂၀၂၂ ခုနှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်ခဲ့မှုများနှင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်ထားမှုများ၊ ၂၀၂၃ ခုနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ညှိနှိုင်းဆွေးနွေးနိုင်ရန် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

အကြမ်းဖက်ခြိမ်းခြောက်

အစွန်းရောက် အကြမ်းဖက်အုပ်စု ARSA အဖွဲ့သည် လူမျိုးရေးနှင့် ဘာသာရေးကို အကြောင်းပြု၍ နယ်မြေအပိုင်စီးရယူလိုသည့် ရည်ရွယ်ချက်ဖြင့် ရခိုင်ပြည်နယ်မြောက်ဘက်ခြမ်းတွင် ပြည်သူများကိုအကြမ်းဖက်ခြိမ်းခြောက်နေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ အကြမ်းဖက်အုပ်စု CRPH/ NUG နှင့် ယင်း၏ လက်အောက်ခံ အမည်အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသော PDFs များသည် ဒီမိုကရေစီအရေးဟု ကြွေးကြော်နေသော်လည်း အစိုးရအုပ်ချုပ်မှု ယန္တရားများကို ပျက်ပြားစေပြီး ပြည်သူများကို ရက်စက်စွာ သတ်ဖြတ် အကြမ်းဖက်ခြိမ်းခြောက်၍ ၎င်းတို့ကို ထောက်ခံမှုရရှိစေရန် နိုင်ငံတော်အာဏာကို မတရားရယူရန် ကြိုးပမ်းနေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ရည်ရွယ်ချက် မတူညီသည့်အတွက် အကြမ်းဖက်မှုပုံစံနှင့် အပြစ်မဲ့ပြည်သူများကို ခြိမ်းခြောက် လုပ်ဆောင်သည့် ပုံစံများ မတူညီကြောင်းနှင့် တားဆီးနှိမ်နင်းရေး လုပ်ငန်းစဉ်များ ပိုမိုအားကောင်းအောင် ဆောင်ရွက်နိုင်ရေး၊ ပြည်သူများ အတွက် လုံခြုံမှုနှင့် တရားဥပဒေ စိုးမိုးရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ စွမ်းရည်မြှင့်တင်ရေး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက စီစဉ်ခွင့်ပြုပေးထားသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ရန်ပုံငွေကို လုပ်ထုံးလုပ်နည်းနှင့်အညီ အကျိုးရှိအောင်သုံးစွဲနိုင်ရေး၊ ဌာနဆိုင်ရာများနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး တို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်က ၂၀၂၂ ခုနှစ်အတွင်း အကြမ်းဖက်မှု တိုက်ဖျက်ရေး ဆောင်ရွက်ချက်များနှင့် သုံးသပ်အကြံပြုချက်များကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး၊ နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီး၊ ဌာနကြီးမှူး ရဲမှူးချုပ် အောင်ဌေးမြင့်က အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၊ အင်တာပိုလ်၊ အာဆီယံရဲအဖွဲ့၊ နှစ်နိုင်ငံရဲတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

သတင်းတုများတိုက်ဖျက်ရေး

ယင်းနောက် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တားဆီးနှိမ်နင်းရေးကဏ္ဍတွင် လုံခြုံရေးနှင့် သတင်းအချက်အလက်များ ရယူစုဆောင်းပူးပေါင်း ဆောင်ရွက်ခဲ့မှုများ၊ နယ်စပ်ဒေသများတွင် တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့မှုများ၊ သတင်းမှန် ပြန်ကြားရေး ဆောင်ရွက်မှုများ၊ ပြည်သူများ အကြမ်းဖက်ခံရမှု၊ နိုင်ငံပိုင်/ ပုဂ္ဂလိကပိုင် အဆောက်အဦးနှင့်ဈေးများ၊ အရေးကြီးပစ္စည်းများ ဖောက်ခွဲ/ဖျက်ဆီးခံရမှု၊ လျှပ်စစ်တာဝါတိုင်၊ ဖုန်းတာဝါတိုင်များ ဖျက်ဆီးခံရမှုများနှင့် စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေး၊ ကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့တွင် ပူးပေါင်း ဆောင်ရွက်ခဲ့မှုများ၊ နယ်မြေအလိုက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ၊ တရားစွဲဆိုရေး၊ ရန်ပုံငွေထူထောင်ရေး ဆောင်ရွက်ထားမှုများ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်ပရောက် အကြမ်းဖက် သမားများနှင့် ပတ်သက်၍ သံတမန်နည်းလမ်းဆောင်ရွက်မှုများ၊ ဥပဒေနှင့် နည်းဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ သတင်းအချက်အလက်နှင့် ပူးပေါင်းဆောင်ရွက်မှု၊ သတင်းတုများ တိုက်ဖျက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

လက်ဦးမှူရယူဖော်ထုတ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက ၂၀၂၃ ခုနှစ်တွင် ဖြစ်ပေါ်လာနိုင်သည့် အကြမ်းဖက်မှု အခြေအနေများအပေါ် ကြိုတင်ကာကွယ်ရေး အစီအမံများ၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးရေး ထိရောက်မှုရှိရန် စီမံဆောင်ရွက်ထားမှုများ၊ အစွန်းရောက်မှုများ ကြိုတင်ကာကွယ်ရေးနှင့် အကြမ်းဖက်ဖြစ်စဉ်များကို လက်ဦးမှူရယူဖော်ထုတ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်အချက်များ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက စီစဉ်ခွင့်ပြုပေးထားသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ရန်ပုံငွေကို လုပ်ထုံးလုပ်နည်းနှင့်အညီ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေး၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ဗဟိုအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရဲအရာရှိကြီးများ၊ ဘာသာရပ်ဆိုင်ရာ အရာရှိကြီးများ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗဟိုအဖွဲ့ဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့နှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)

ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်နေသော ဆောင်ရွက်ချက်များ တုံ့ပြန်ဆောင်ရွက်

ဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ပြဋ္ဌာန်းထားသော နိုင်ငံရေးဦးတည်ချက်များနှင့် လုပ်ငန်းစဉ်များ အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အခြေအနေများ၊ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးအပေါ် ဝင်ရောက်စွက်ဖက်နေသော ဆောင်ရွက်ချက်များအပေါ် တုံ့ပြန်ဆောင်ရွက်နေမှုများ၊ အာဆီယံ၏ တူညီဆန္ဒ(၅)ချက်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဒေသတွင်းနှင့် နိုင်ငံတကာရှိ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ စိန်ခေါ်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ ရပ်တည်ချက်၊ မူဝါဒနှင့် အကောင်အထည်ဖော် ဆောင်ရွက်ချက်တို့ကို ဒေသတွင်းနှင့် နိုင်ငံတကာမှ သိရှိစေရန် သံတမန်လမ်းကြောင်း (၁.၅)၊ သံတမန်လမ်းကြောင်း(၂) တို့ဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး၊ နိုင်ငံ့အကျိုးဖြစ်ထွန်းစေမည့် မူဝါဒပိုင်းဆိုင်ရာ အကြံဉာဏ်များ၊ လေ့လာသုံးသပ်ချက်များကို စဉ်ဆက်မပြတ် တင်ပြနိုင်ရေးနှင့် နိုင်ငံတကာအဆင့်မီ သုတေသနစာတမ်းများ ရေးသားပြုစုနိုင်ရေး တိုက်တွန်းပြောကြားသည်။

ပညာရှင်များရှုထောင့်မှ အပြန်အလှန် ဆွေးနွေး

ထို့နောက် တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပညာရှင်များရှုထောင့်မှ အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ၊ ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီး ဌာနအမြဲတမ်းအတွင်းဝန် ဦးချမ်းအေး၊ မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်ဦးဇော်ဖြိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၃

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်(၃)အတွင်း ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၊ ဗဟိုလေ့ကျင့်ရေး ကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ၏စားသောက်ရေးနှင့် သက်သာချောင်ချိရေးကို အထောက်အကူ ဖြစ်စေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကြက်၊ ဝက်၊ ငါးမွေးမြူရေးစခန်းကို ကြည့်ရှုစစ်ဆေးပြီး ပွင့်လင်းရာသီတွင် ပြီးစီးအောင် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။

လေ့ကျင့်သင်ကြားနေမှုကြည့်ရှု

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)ရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှု အောက်ဗဟိုလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိပြီး နိုပွန်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းဖွင့်လှစ်ထားသည့် ငြိမ်းချမ်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ဆိုင်ရာ ခေါင်းဆောင်မှူသင်တန်း အမှတ်စဉ်(၅)တွင် တက်ရောက်နေကြသည့် သင်တန်းသား၊ သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှု၊ Japan Myanmar Association (JMA)နှင့် ပူးပေါင်းဖွင့်လှစ်ထားသည့်သက်ကြီးရွယ်အိုစောင့်ရှောက်ရေး သင်တန်းအမှတ်စဉ် (၁) တွင် တက်ရောက်နေကြသည့် သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောင်းဝင်းအတွင်းရှိ သင်တန်းခန်းမများ၊ စားရိပ်သာများ၊ အိပ်ဆောင်များနှင့် ကျောင်းဝင်းအတွင်း စိုက်ပျိုးထားရှိမှု၊ ဝန်ထမ်းအိမ်ရာမြေလွတ်နေရာတွင် ဝန်ထမ်းသက်သာချောင်ချိရေးအတွက် ဆောင်ရွက်လျက်ရှိသည့် Green House များ၌ စိုက်ပျိုးထားရှိမှု၊ ငါးကန်များတွင် ငါးမွေးမြူထားရှိမှုနှင့် တည်ဆောက်ဆဲ သင်တန်းသား လေးထပ်အိပ်ဆောင် ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ဂိုဒေါင်အတွင်း ယာဉ်/ယန္တရားများ စနစ်တကျ ထိန်းသိမ်းထားရှိမှုနှင့် ဝန်ထမ်းသက်သာချောင်ချိရေးအတွက် ဆောင်ရွက်ထားရှိသည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တက်ကြွစွာ ပါဝင်ထမ်းဆောင်ရေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)သို့ ရောက်ရှိပြီး ဘွဲ့နှင်းသဘင်ခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများကို တွေ့ဆုံ၍ လက်ရှိဖြစ်ပေါ်နေသော အခြေအနေတို့ကို မှန်ကန်စွာ သိရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပြည်ထောင်စု စိတ်ဓာတ်ဖြင့် တက်ကြွစွာ ပါဝင်ထမ်းဆောင်ရေး၊ ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းများပီသစွာ ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရေး၊ ကျောင်းသား ကျောင်းသူများကို စာပေပညာ အပြင် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ပြီး ယုံကြည်ချက်၊ ခံယူချက်၊ အတွေးအခေါ်နှင့် ဆင်ခြင်တုံတရား မြင့်မားစေရေးအတွက် သင်ကြားလေ့ကျင့်ပေးရေး၊ အားကစားကဏ္ဍအပါအဝင် ဘက်စုံထူးချွန်ထက်မြက်ပြီး အနာဂတ်တွင် နိုင်ငံတော်မှ အားထားရသည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာစေရေး အလေးထားကြိုးစား ဆောင်ရွက်သွားကြရန် မှာကြားပြီး ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူများနှင့်အတူ နေ့လယ်စာကို လက်ရည်တစ်ပြင်တည်း အတူတကွ သုံးဆောင်ပြီး ကျောင်းဝင်းအတွင်းရှိ လေးထပ်အင်ဂျင်နီယာအလုပ်ရုံ တည်ဆောက်နေမှုနှင့် အားကစားကွင်းအဆင့်မြှင့်တင်နေမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

အခွန်ထမ်းပြည်သူများ သိထားသင့်သော အခွန်အယူခံခုံအဖွဲ့အကြောင်း

ဒေါက်တာအိလှိုင်းသက်ဇာ

နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် အခွန်အကောက်ရငွေများသည် အဓိကကျသည့်ဘဏ္ဍာငွေများ ဖြစ်ပါသည်။ အဆိုပါ အခွန်အကောက်ရငွေများ ဥပဒေနှင့်အညီ အပြည့်အဝရရှိရန် အခွန်ကောက်ခံမှုစနစ်သည် အခွန်ထမ်းပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ညီညွတ်မျှတစေပြီး နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုရန် လိုအပ်သကဲ့သို့ အခွန်အာဏာပိုင်များ၏ အခွန်စည်းကြပ်ကောက်ခံမှုအပေါ် အပြည့်အဝကျေနပ်မှု မရှိသည့် အခွန်ထမ်းများအတွက် ပွင့်လင်းမြင်သာသည့် အခွန်အယူခံစနစ်တစ်ခု တည်ရှိရန်လည်း လိုအပ်ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် အစိုးရအဆက်ဆက်က ခေတ်စနစ်နှင့်အညီ အခွန်အယူခံခုံရုံးများ ဖွဲ့စည်းပြီး တရားမျှတမှုရှိရေး ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ကြပါသည်။

- **❖ အခွန်အယူခံခုံအဖွဲ့သည် နိုင်ငံတော်က ဥပဒေနှင့်အညီ အခွန်စည်းကြပ်မှုနှင့် စပ်လျဉ်း၍ စွမ်းဆောင်ရည်မြင့်မားသော အခွန်စီမံခန့်ခွဲမှု တိုးတက်ဖြစ်ထွန်းရေးအတွက် ပွင့်လင်းမြင်သာပြီး မျှတမှုကန်သည့် အခွန်အယူခံစနစ်ဖြင့် နိုင်ငံသားနှင့် အခွန်ထမ်းများ၏ ယုံကြည်အားထားမှုကို မြှင့်တင်ရန် မဟာဗျူဟာ မျှော်မှန်းချက်ထားရှိ ဆောင်ရွက်နေ**
- **❖ "ယုံကြည်မျှတမှုကန် အခွန်အယူခံ" ဟူသော အခွန်အယူခံ ခုံအဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသား၊ အခွန်ထမ်းများအတွက် အကောင်းဆုံး ဝန်ဆောင်မှုများကို ကြိုးပမ်း ဖြည့်ဆည်းဆောင်ရွက်ပေးနေ**

အခွန်အယူခံခြင်းနှင့် စပ်လျဉ်း၍ ၁၉၅၃ ခုနှစ် မြန်မာနိုင်ငံ အမြတ်တော်ခွန် (ပြင်ဆင်ချက်) အက်ဥပဒေ ပုဒ်မ ၅-က အရ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်သုံးဦးတို့ဖြင့် အမြတ်တော်ခွန်အယူခံ ခုံရုံးကို စတင်ဖွဲ့စည်းပြီး အမြတ်ခွန်အယူခံမှုများကို ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ခဲ့ပါသည်။ တော်လှန်ရေးကောင်စီအစိုးရ လက်ထက် ၁-၁၀-၁၉၇၂ ရက်မှစ၍ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် လေးဦး ပါဝင်သော အခွန်အယူခံခုံအဖွဲ့ကို ဖွဲ့စည်းပြီး အမြတ်ခွန် အယူခံမှုများသာမက အကောက်ခွန်၊ ယစ်မျိုးခွန်၊ တံဆိပ်ခေါင်းခွန်၊ ဟိုတယ်နှင့် ပျော်ပွဲစားရုံခွန်၊ ပွဲခွန် စသော အခွန်အကောက်ဆိုင်ရာ အမှုများနှင့် စပ်လျဉ်းသည့် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုနှင့် တရားရုံးချုပ်သို့ လွှဲအပ်ပေးရန် လျှောက်ထားသည့် လွှဲအပ်မှုများကို ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ခဲ့ပါသည်။ ထိုအချိန်မှစ၍ အမြတ်ခွန်အယူခံခုံရုံးမှ အခွန်အယူခံခုံအဖွဲ့ဟူ၍ ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

ဖွဲ့စည်းတာဝန်ပေးအပ်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အစိုးရလက်ထက် ၁၉၇၆ ခုနှစ် အမြတ်ခွန်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ)အရ ဝန်ကြီးအဖွဲ့၏ ၁၁-၁၂-၁၉၇၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၂) ဖြင့် လည်းကောင်း၊ တပ်မတော်အစိုးရလက်ထက် ၁၉၈၉ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၈-၇-၁၉၈၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၆/၈၉) ဖြင့်လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၃၁-၅-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၇) ဖြင့်လည်းကောင်း အခွန်အယူခံ ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်၍ အမှုများကို ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ခဲ့ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက် နိုင်ငံတော်၏ ဘဏ္ဍာငွေကို အခွန်အရပ်ရပ်မှ အပြည့်အဝကောက်ခံဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ တစ်ဖက်မှလည်း နိုင်ငံသားနှင့် အခွန်ထမ်းတိုင်းအနေဖြင့် ဥပဒေအရ ပေးဆောင်ရမည့် အခွန်များကို ပေးဆောင်ရာ၌ တန်းတူညီမျှမှုနှင့် တရားမျှတမှု အခွင့်အရေးများ ရရှိစေရန်အတွက် လည်းကောင်း၊ ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် ပွင့်လင်းမြင်သာသော အယူခံပိုင်ခွင့်များ ရရှိစေရန်အတွက် လည်းကောင်း အခွန်အယူခံခုံအဖွဲ့ဥပဒေကို ၁-၈-၂၀၁၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၃) ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။

အခွန်အယူခံခုံအဖွဲ့ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများကို ၂၇-၉-၂၀၁၉ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ (၃၄၁/၂၀၁၉) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ ထိုကဲ့သို့ ထုတ်ပြန်ခဲ့သည့် အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများကို ၄-၅-၂၀၂၁ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ (၉/၂၀၂၁) ဖြင့် ပြင်ဆင်ခဲ့ပါသည်။

လွတ်လပ်သော အဖွဲ့အစည်း

အခွန်အယူခံခုံအဖွဲ့ဥပဒေ၊ အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်အယူခံခုံအဖွဲ့ကို သီးခြားလွတ်လပ်သော အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းခဲ့ပါသည်။ ခုံအဖွဲ့သည် တရားစီရင်ရေး သဘောဆောင်သည့် လုပ်ပိုင်ခွင့် (Quasi-Judicial Power) နှင့် ချင့်ချိန်ဆောင်ရွက် ပိုင်ခွင့် (Discretionary Power) များကို အပ်နှင်းထားသည်နှင့်အညီ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း အသီးသီးက စည်းကြပ်ကောက်ခံလျက်ရှိသည့် အခွန်အမျိုးမျိုးနှင့်စပ်လျဉ်းသည့် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုနှင့် လွှဲအပ်မှုတို့ကို လွမ်းခြုံကြားနာ စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

အခွန်အယူခံခုံအဖွဲ့သည် နိုင်ငံတော်က ဥပဒေနှင့်အညီ အခွန်စည်းကြပ်မှုနှင့် စပ်လျဉ်း၍ စွမ်းဆောင်ရည် မြင့်မားသော အခွန်စီမံခန့်ခွဲမှု တိုးတက်ဖြစ်ထွန်းရေးအတွက် ပွင့်လင်းမြင်သာပြီး မျှတမှန်ကန်သည့် အခွန်အယူခံစနစ်ဖြင့် နိုင်ငံသားနှင့် အခွန်ထမ်းများ၏ ယုံကြည်အားထားမှုကို မြှင့်တင်ရန် မဟာဗျူဟာ မျှော်မှန်းချက်ထားရှိ ဆောင်ရွက်နေပါသည်။ မဟာဗျူဟာ မျှော်မှန်းချက် ပန်းတိုင်သို့ အောင်မြင်စွာ ရောက်ရှိနိုင်ရေးအတွက် နည်းဗျူဟာ လုပ်ငန်းစဉ် (၄) ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အထိ နှစ်နှစ် စီမံကိန်းကို ရေးဆွဲဆောင်ရွက်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှု၏ အားနည်းချက်၊ အားသာချက်များကို ဆန်းစစ်အခြေပြုလျက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ နှစ်နှစ်တာကာလ အတွက် ဆောင်ရွက်မည့် နည်းဗျူဟာ လုပ်ငန်းစဉ်များကို ထပ်မံရေးဆွဲ သတ်မှတ်ခဲ့ပါသည်။

အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးတို့သည် နိုင်ငံသားနှင့် အခွန်ထမ်းများအတွက် တရားမျှတမှု၊ ခုခံချေပနိုင်မှုနှင့် အယူခံနိုင်မှု အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရေးအတွက် ထိရောက်သော ဝန်ဆောင်မှုများပေးနိုင်ရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကုလသမဂ္ဂကချမှတ်ထားသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals – SDGs) ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan – MSDP)တို့နှင့်အညီ စွမ်းဆောင်ရည် မြင့်မားသည့် အခွန်စီမံခန့်ခွဲမှု ယန္တရားတစ်ရပ်စဉ်ဆက်မပြတ် ဖြစ်တည်နေစေရေးအတွက် ပြည်ထောင်စုအစိုးရသို့ အထောက်အကူပေးနေသော အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ရပ်တည်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အခွန်အယူခံခုံအဖွဲ့ကို ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ခြောက်ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးလျက် အခွန်အယူခံခုံအဖွဲ့ဥပဒေနှင့်အညီ အခွန်ဆိုင်ရာအမှုများကို ကြားနာစစ်ဆေးစီရင်ဆောင်ရွက်လျက်ရှိပါသည်။ အခွန်အယူခံခုံအဖွဲ့သို့ လျှောက်ထားတင်သွင်းနိုင်သည့် အမှုများမှာ အထက်တွင် ဖော်ပြခဲ့သော အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုနှင့် လွှဲအပ်မှု စသည့် အမှုလေးမျိုး ဖြစ်ပါသည်။

အယူခံမှု

အယူခံမှုဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်များကို တာဝန်ယူ ကောက်ခံသည့်ဌာနများက ချမှတ်သော အခွန်ဆိုင်ရာ အပြီးသတ်ဆုံးဖြတ်ချက်၊ အမိန့်တစ်ခုခုကို မကျေနပ်၍သော်လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ချမှတ်သော ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ကို မကျေနပ်၍သော်လည်းကောင်း၊ အစိုးရအဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တာဝန်ပေးအပ်ခြင်းခံရသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း တစ်ခုခုက ချမှတ်သည့် အခွန်ဆိုင်ရာ အပြီးသတ် ဆုံးဖြတ်ချက်တစ်ခုခုကို မကျေနပ်၍သော်လည်းကောင်း ခုံအဖွဲ့ထံ အယူခံသည့်အမှုကို ဆိုလိုခြင်း ဖြစ်ပါသည်။

ခုံအဖွဲ့သို့ အယူခံမှု လျှောက်ထားရာတွင် ခုံအဖွဲ့က သတ်မှတ်ထားသောပုံစံဖြင့် သက်ဆိုင်ရာဌာနများ၏ မူလဆုံးဖြတ်ချက်၊ အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်းကိုးဆယ်အတွင်း ခုံအဖွဲ့ထံသို့ လျှောက်ထားရန်ဖြစ်ပါသည်။ သတ်မှတ်ထားသော စည်းကမ်းသတ်ကာလ အတွင်း လျှောက်ထားနိုင်ခြင်း မရှိပါက လျှောက်ထားသူအနေဖြင့် လုံလောက်သောအကြောင်းပြချက်များ တင်ပြရမည် ဖြစ်ပါသည်။

ပြင်ဆင်မှု

ပြင်ဆင်မှုဆိုသည်မှာ ခုံအဖွဲ့က ချမှတ်သော အမိန့်တွင် အမှုအကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ နစ်နာသူက ဥပဒေနှင့်အညီ ပြန်လည်စိစစ်ပြင်ဆင်ပေးရန် ခုံအဖွဲ့သို့ ပြန်လည်တင်ပြသည့် အမှုကိုဆိုလိုခြင်းဖြစ်ပါသည်။ နစ်နာသူ ဆိုသည်မှာ အမှုအကြောင်းခြင်းရာ အလိုက် ဥပဒေအရ နစ်နာသူ၊ တစ်စုံတစ်ရာ ဆုံးရှုံးခံရသူ၊ တစ်စုံတစ်ရာကို မတရားငြင်းပယ်ခံရသူ သို့မဟုတ် တစ်စုံတစ်ရာတွင် ၎င်း၏ ပိုင်ရေးပိုင်ခွင့်ကို မတရားထိခိုက်စေသော ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူတို့ကို ဆိုလိုပါသည်။ ပြင်ဆင်မှု လျှောက်ထားရာတွင် ခုံအဖွဲ့က သတ်မှတ်ထားသော ပုံစံဖြင့် လျှောက်ထားရန်ဖြစ်ပြီး ခုံအဖွဲ့၏ စီရင်ချက်အမိန့်၊ ချမှတ်သည့်နေ့မှ ရက်ပေါင်း ခြောက်ဆယ်အတွင်း ခုံအဖွဲ့ထံသို့ လျှောက်ထားရမည် ဖြစ်ပါသည်။

ပြန်လည်သုံးသပ်မှု

ပြန်လည်သုံးသပ်မှု ဆိုသည်မှာ ခုံအဖွဲ့ကချမှတ်ခဲ့သော ဆုံးဖြတ်ချက် တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ပေးပါရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူ တစ်ဦးဦးက ခုံအဖွဲ့သို့ပင် ပြန်လည် လျှောက်ထားသည့်အမှုကို ဆိုလိုပါသည်။ အခွန်အယူခံခုံအဖွဲ့ အနေဖြင့် မိမိ၏ ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်နိုင်ရန် ဥပဒေအရ အခွင့်အာဏာအပ်နှင်းထားခြင်း ဖြစ်ပါသည်။ ပြန်လည်သုံးသပ်မှု လျှောက်ထားရာတွင်လည်း ခုံအဖွဲ့က သတ်မှတ်ထားသော ပုံစံဖြင့် လျှောက်ထားရန် ဖြစ်ပါသည်။ ခုံအဖွဲ့၏ စီရင်ချက် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်းကိုးဆယ်အတွင်း လျှောက်ထားရမည် ဖြစ်ပါသည်။

ပြန်လည်သုံးသပ်မှုနှင့် စပ်လျဉ်း၍ တင်သွင်းရာတွင် ပြန်လည်သုံးသပ်စေလိုသည့် အကြောင်းအချက် ခိုင်လုံမှုရှိရန် လိုအပ်ပါသည်။ တစ်နည်းအားဖြင့် တရားမကျင့်ထုံးဥပဒေ အမိန့် ၄၇၊ နည်းဥပဒေ ၁ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ တင်ပြလျှောက်ထားကြရန် ဖြစ်ပါသည်။

လွှဲအပ်မှု

လွှဲအပ်မှုဆိုသည်မှာ ခုံအဖွဲ့သို့ တင်သွင်းလာသည့်အမှုတွင် ဥပဒေကြောင်းအရ ဖြေရှင်းရမည့် ကိစ္စဖြစ်သဖြင့် ခုံအဖွဲ့ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်များ အားလုံးပါဝင်သော စုံညီခုံအဖွဲ့က ကြားနာစိစစ်ပြီးနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးပို့သည့်အမှုကို ဆိုလိုသည်။ လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးရန် လျှောက်ထားလာသည့် အခါဖြစ်စေ၊ လွှဲအပ်ရန်အကြောင်း ပေါ်ပေါက်လာသည့်အခါဖြစ်စေ စုံညီခုံအဖွဲ့က လွှဲအပ်မှုအဖြစ် ဆောင်ရွက်ရန်သင့် မသင့် ဆုံးဖြတ်ဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။ လွှဲအပ်မှု လျှောက်ထားခြင်းကို ခုံအဖွဲ့က သတ်မှတ်ထားသည့် ပုံစံဖြင့် လျှောက်ထားရန်ဖြစ်ပြီး ခုံအဖွဲ့က စီရင်ချက်အမိန့်၊ ချမှတ်သည့်နေ့မှ ရက်ပေါင်းခြောက်ဆယ်အတွင်း ခုံအဖွဲ့ထံ လျှောက်ထားရန် ဖြစ်ပါသည်။

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

ခုံအဖွဲ့သို့ အမှုတင်သွင်းလိုသူသည် မိမိ၏အမှုကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အကျိုးဆောင်ရွက်နေဖြင့်ဖြစ်စေ အခွန်အယူခံခုံအဖွဲ့ရုံးရှိ မှတ်ပုံတင်အရာရှိထံသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားရန် လိုအပ်ပါသည်။ လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်ဟု ဆိုသော်လည်း ကိုဗစ် -၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေသည့်အချိန်တွင် သွားလာမှုအခက်အခဲများကြောင့် စည်းကမ်းသတ်ကာလ အတွင်း အမှုများ အချိန်မီ တင်သွင်းရမည့် အခွင့်အရေး မဆုံးရှုံးကြစေရန် လျှောက်ထားချက်များကို စာတိုက်မှ ဖြစ်စေ၊ အမြန်ချောပို့လုပ်ငန်းမှဖြစ်စေ မှတ်ပုံတင်အရာရှိထံ လိပ်မူ၍ လျှောက်ထားခြင်းကိုလည်း လက်ခံဆောင်ရွက်ပေးခဲ့ပါသည်။ နိုင်ငံသားနှင့် အခွန်ထမ်းများ၏ အကျိုးအတွက် ဖြေလျှော့သတ်မှတ် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါသည်။

လျှောက်ထားချက်

လျှောက်ထားချက်ကို သတ်မှတ်ပုံစံဖြင့် တင်သွင်းလျှောက်ထားရန်ဖြစ်ပြီး သတ်မှတ်ပုံစံကို အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ စာအုပ်တွင် လည်းကောင်း၊ အခွန်အယူခံခုံအဖွဲ့ရုံးမှ မှတ်ပုံတင်အရာရှိထံတွင် လည်းကောင်း ရယူနိုင်ပါသည်။ လျှောက်ထားချက်များ တင်သွင်းသည့်အခါ ရုံးခွန်အက်ဥပဒေပါ သတ်မှတ်ချက်နှင့်အညီ လိုအပ်သော တံဆိပ်ခေါင်းများ ထမ်းဆောင်ရန် လိုအပ်ပါသည်။

အယူခံမှု၊ ပြင်ဆင်မှုနှင့် ပြန်လည်သုံးသပ်မှု လျှောက်ထားရာတွင် လျှောက်ထားလွှာနှင့် အမှုအတွက် တင်သွင်းလိုသည့် အထောက်အထား စာရွက်စာတမ်းများ မူရင်း (၁) စုံနှင့် မိတ္တူ(၆)စုံ တင်သွင်းလျှောက်ထားရမည် ဖြစ်ပြီး လွှဲအပ်မှု လျှောက်ထားရာတွင် လျှောက်ထားလွှာနှင့် အမှုအတွက် တင်သွင်းလိုသည့် အထောက်အထား စာရွက်စာတမ်းများ မူရင်း (၁) စုံနှင့် မိတ္တူ (၁၂) စုံ တင်သွင်းလျှောက်ထားရမည် ဖြစ်ပါသည်။ လျှောက်ထားချက်ကို အကျိုးဆောင်ရွေ့နေဖြင့် လျှောက်ထားပါက ရုံးခွန်တံဆိပ်ခေါင်း ကပ်ထားသည့် တရားမကိုယ်စားလှယ်လွှဲစာနှင့် ရွေ့နေဖြစ်ကြောင်း အသိအမှတ်ပြုလက်မှတ် ပါရှိရန်ဖြစ်ပြီး ကိုယ်စားလှယ်ဖြင့် လျှောက်ထားပါက သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှဲအပ်သည့် ကိုယ်စားလှယ်လွှဲစာ ပါရှိရန်လိုအပ်ပါသည်။

ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက လျှောက်ထားမှုများတွင် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားရမည် ဖြစ်ပါသည်။ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းမှ တာဝန်ရှိသူက လျှောက်ထားခြင်းဖြစ်လျှင် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ ကိုယ်စားလှယ်အဖြစ် လွှဲအပ်ကြောင်း ရုံးခွန်တံဆိပ်ခေါင်းကပ် ထားသည့် လွှဲအပ်စာပါရှိရမည် ဖြစ်ပါသည်။ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းနှင့် သက်ဆိုင်ခြင်း မရှိသူက အမှုလျှောက်ထားဆောင်ရွက်ရန် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ပါက အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ၊ နည်းဥပဒေ ၃၉ ပါပြဋ္ဌာန်းချက်နှင့်အညီ ကိုယ်စားလှယ်လွှဲစာ (SP/GP) ပါရှိရမည် ဖြစ်ပါသည်။

လျှောက်ထားသူသည် မိမိမကျေနပ်သည့် အခွန်ဆိုင်ရာ အပြီးသတ်ဆုံးဖြတ်ချက်၊ အမိန့်ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွင် တာဝန်ခံမိတ္တူမှန်ကူးယူ၍ လျှောက်ထားချက်နှင့်အတူ ပူးတွဲတင်သွင်းရမည်ဖြစ်ပါသည်။

ကိုဗစ်-၁၉ရောဂါကာကွယ်ထိန်းချုပ်နေသည့်ကာလတွင် အခွန်အယူခံခုံအဖွဲ့သို့ တင်သွင်းလျှောက်ထားသော အမှုများ မြန်ဆန်ပြီးပြတ်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သတ်မှတ်ထားသော ကိုဗစ် - ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ အမှုများကို ဗီဒီယိုဆက်သွယ်မှု (Video Confe-rencing) စနစ်ဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်ပေးခဲ့ပြီး ယခုအခါ ဗီဒီယိုဆက်သွယ်မှုစနစ်ဖြင့် ကြားနာစစ်ဆေးခြင်းအပြင် ဥပဒေနှင့်အညီ အများပြည်သူ ရှေ့မှောက်တွင်လည်း စည်းကမ်းချက်များနှင့်အညီ ကြားနာစစ်ဆေး၍ ဆုံးဖြတ်ပေးလျက်ရှိပါသည်။

အခွန်အယူခံခုံအဖွဲ့တွင် အမှုများ ကြားနာဆောင်ရွက်သည့်အခါ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ အနေဖြင့် ယင်းတို့က ကိုယ်စားလှယ်လွှဲအပ်သော ဦးစီးအရာရှိ အဆင့်အောက် မနိမ့်သော ဌာနကိုယ်စားလှယ်က ခုံအဖွဲ့ရှေ့မှောက်တွင် အမှုအတွက် လျှောက်လဲတင်ပြခွင့် ရှိသော်လည်း ပြင်ပပုဂ္ဂိုလ်များအနေဖြင့် ရှေ့နေလိုင်စင် ရရှိထားသော အခွင့်ရကိုယ်စားလှယ်နှင့် အကျိုးဆောင် ရှေ့နေများကသာ လျှောက်လဲချက်ပေးခြင်း (pleading and addressing) ကို ဆောင်ရွက်ခွင့် ပြုမည်ဖြစ်ကြောင်း အခွန်အယူခံခုံအဖွဲ့က သတ်မှတ်ညွှန်ကြားထားပါသည်။

တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ အခွန်ဆိုင်ရာ အယူခံသည့်ကိစ္စရပ်များကို အခွန်အယူခံခုံအဖွဲ့ဥပဒေဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၄၁ တွင် ပြဋ္ဌာန်းထားသဖြင့် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေ အရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများ၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ဇယား (၁) ပါ အခွန်အကောက်အားလုံးနှင့် အကောက်ခွန် စသည့်အခွန်များနှင့် သက်ဆိုင်သော အမိန့်များ၊ ဆုံးဖြတ်ချက်များအပေါ် အယူခံလိုပါက အခွန်အယူခံခုံအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြ လျှောက်ထားကြရန်သာ ဖြစ်ပါသည်။ အခွန်အယူခံခုံအဖွဲ့သည် တင်သွင်း လျှောက်ထားလာသော အမှုများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ကြားနာ စစ်ဆေးစီရင် ဆုံးဖြတ်လျက်ရှိပြီး ခုံအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်သော အမှုများတွင် အမှုကြောင်းခြင်းရာ ပြဿနာနှင့် စပ်လျဉ်း၍ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်ပါသည်။

ဖေ့ဘုတ်စာမျက်နှာ ဖွင့်လှစ်

အခွန်အယူခံခုံအဖွဲ့သည် မိမိ၏ လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ သတင်းအချက်အလက် နည်းပညာများ အသုံးချဆောင်ရွက်လျက် အများပြည်သူများ သိရှိနိုင်စေရန် ဆောင်ရွက်ခဲ့ပါသည်။ အခွန်အယူခံခုံအဖွဲ့ အမည်ဖြင့် ဖေ့ဘုတ်စာမျက်နှာကို ဖွင့်လှစ်၍ အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို လွှင့်တင်ဖော်ပြနိုင်ခဲ့ပါသည်။ ခုံအဖွဲ့က ချမှတ်သော စီရင်ချက် အမိန့်များကို သက်ဆိုင်ရာအမှုသည်များနှင့် အများပြည်သူသိရှိနိုင်ရေးအတွက် အခွန်အယူခံခုံအဖွဲ့၏ ကိုယ်ပိုင် Website ရေးဆွဲလွှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ယခုအချိန်တွင် Myanmar National Portal ၌ အခွန်အယူခံခုံအဖွဲ့၏ Page ကို သီးခြားလွတ်လပ်သော အဖွဲ့အဖြစ် လွှင့်တင်ထားရှိပါသည်။ အဆိုပါ Page တွင် အခွန်အယူခံခုံအဖွဲ့ဥပဒေ၊ အခွန်အယူခံ ခုံအဖွဲ့နည်းဥပဒေများကို လည်းကောင်း၊ အခွန်အယူခံခုံအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် သတ်မှတ်ပုံစံများကို လည်းကောင်း ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

အခွန်အယူခံခုံအဖွဲ့နှင့် အခွန်အယူခံ ခုံအဖွဲ့ရုံးတို့သည် ခေတ်မီတိုးတက်နေသည့် နည်းပညာများနှင့်အညီ လျှောက်ထားလာသည့် အမှုများနှင့် စပ်လျဉ်း၍ အမှုတွဲများကို ထိန်းသိမ်းရာတွင် Case Management System စနစ်ကို အသုံးပြု၍ ရေရှည်တည်တံ့နိုင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

အခွန်အယူခံ ခုံအဖွဲ့ရုံးအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် Public Feedback Programme (PFP) Web Portal ကို အသုံးပြု၍ ခုံအဖွဲ့ရုံးထံမှ ဝန်ဆောင်မှုရယူကြသည့် ပြည်သူများ၏ မိုဘိုင်းဖုန်းများသို့ Short Code “1111” ဖြင့် မိမိတို့ ဝန်ဆောင်မှုရယူခဲ့စဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများကို SMS ပေးပို့မေးမြန်းကာ ပြည်သူတို့၏ တုံ့ပြန်ဖြေကြားမှုများ၊ အကြံပြုချက်များ အရ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအစီအစဉ်ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ခမ်းနားသိုက်မြိုက်စွာ ဖွင့်လှစ်

အခွန်အယူခံခုံအဖွဲ့၏ ရုံးစိုက်ရာ ဒေသသည် နေပြည်တော်ဖြစ်ပြီး ယခင်က အခွန်အယူခံ ခုံအဖွဲ့ရုံးကို ပြည်တွင်းအခွန်များဦးစီးဌာန ရုံးအမှတ် (၄၆) နေပြည်တော်တွင် တွဲဖက်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာမှ ဥတ္တရသီရိမြို့နယ် သီရိမဏ္ဍိုင်လမ်း၏မြောက်ဘက် ရုံးအမှတ် (၄၆) ကပ်လျက်ရှိ အခွန်အယူခံခုံအဖွဲ့ပိုင် ဧရိယာ ၆ ဒသမ ၀၅ ဧက ကျယ်ဝန်းသော မြေကွက်ပေါ်တွင် နိုင်ငံတော်၏ ခွင့်ပြုငွေဖြင့် ရုံးအဆောက်အအုံသစ်ကြီးကို ဆောက်လုပ်ခဲ့သဖြင့် ရုံးအမှတ်(၅၇)၊ အခွန်အယူခံခုံအဖွဲ့ အဆောက်အအုံသစ်ကြီး ပေါ်ထွန်းလာပြီး ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် အဆိုပါ အဆောက်အအုံသစ်ကြီးသို့ အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးဝန်ထမ်းများ ပြောင်းရွှေ့ပြီး လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေပြီဖြစ်ပါသည်။ ဤအခွန်အယူခံခုံအဖွဲ့ အဆောက်အအုံသစ်ကြီးကို ၂၃-၁၂-၂၀၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ခမ်းနားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသည်။

အခွန်အယူခံ ခုံအဖွဲ့အနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေများ ဆုံးရှုံးနစ်နာမှုမရှိစေရေးနှင့် တစ်ဖက်တွင်လည်း နိုင်ငံသား/အခွန်ထမ်းများအနေဖြင့် တရားမျှတမှု၊ တန်းတူညီမျှမှုနှင့် ဥပဒေနှင့်အညီ ခုခံချေပခွင့်၊ ပွင့်လင်းမြင်သာသော အယူခံပိုင်ခွင့် အခွင့်အရေးများကို အပြည့်အဝရရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ **“ယုံကြည်မျှတမှုနှင့််ကန် အခွန်အယူခံ”** ဟူသော အခွန်အယူခံ ခုံအဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသား၊ အခွန်ထမ်းများအတွက် အကောင်းဆုံး ဝန်ဆောင်မှုများကို ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း မြင်တွေ့နိုင်ပါသည်။ ထိုသို့ နိုင်ငံတော်နှင့် အခွန်ထမ်း/ပြည်သူများ၏ အကျိုးကို ပြည့်ဝစွာ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး အတွက် အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးတို့သည် စဉ်ဆက်မပြတ် လေ့လာဆည်းပူးမှုများ၊ ဆွေးနွေးဖလှယ်မှုများ၊ သင်ယူမှတ်သားမှုများကို သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ တာဝန်ရှိသူများနှင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရန် အစဉ်ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိနေပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ကိုးကား

- **အခွန်အယူခံခုံအဖွဲ့သမိုင်း မှတ်တမ်း**
- **အခွန်အယူခံခုံအဖွဲ့ဥပဒေနှင့် အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ**
- **အခွန်အယူခံခုံအဖွဲ့၏ ညွှန်ကြားချက်များ**
- **ဦးမြ / ဦးကျော်အေး၊ တရားမ ကျင့်ထုံးဥပဒေ**
- **အခွန်အယူခံခုံအဖွဲ့၏ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ**

ရေကြောင်းသတိပေးချက် ထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၂၃

နိုင်ငံတကာဆက်သွယ်ရေးဆက်ကြောင်းအဖြစ် အသုံးပြုနေသည့် SEA-ME-WE 3(South East Asia-Middle East-Western Europe 3) အာရှ-ဥရောပရေအောက်ကေဘယ် ဆက်သွယ်ရေးစနစ်သည် ၅-၁၁-၂၀၂၂ ရက်နေ့ (၁၇:၃၄) နာရီအချိန်တွင် ဗျာပုံမြို့ရှိ ရေအောက်ကေဘယ်စခန်းမှ ၁၁၀ ကီလိုမီတာအကွာခန့်၌ ပြတ်တောက်မှုဖြစ်ပေါ်ခဲ့ပါသဖြင့် ပြုပြင်နိုင်ရန်အတွက် ရေအောက်ကေဘယ်ပြုပြင်ရေး သင်္ဘော ASEAN RESTORER ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကို ဖော်ပြသည့် Coordinate များဖြစ်သော မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၇ ဒသမ ၀၅၉ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၅ ဒီဂရီ ၄၆ ဒသမ ၄၃၇ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်အတွင်းတွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ SEA-ME-WE 3 အာရှ - ဥရောပရေအောက်ကေဘယ်ချို့ယွင်းမှုကို ပြုပြင်နိုင်ရန်အတွက် ရေအောက်ကေဘယ်ပြုပြင်ရေးသင်္ဘော ASEAN RESTORER ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္မန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဌနန္ဒက"မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃နှစ်က ဆင်ဖြူတော် (အထီး) ကလေး တစ်စီးအား ဇူလိုင် ၂၃ ရက် နံနက် မဂ်လာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေ ငါးလက်မ၊ ကိုယ်လုံးလုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမည်တော်မှာ "ရဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ၄က်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူ ရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ သြဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရေခြေသည်း ငါးခုစီ နှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

အဆိုပါ ဆင်ဖြူတော်ကလေး "ရဌနန္ဒက" မှာ ယခုအသက် ငါးလသားအရွယ်တွင် အရပ်အမြင့် သုံးပေ တစ်လက်မ၊ ကိုယ်လုံးလုံးပတ် လေးပေ ခုနစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၃၃၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော် ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်ကလေး "ရဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

စာအုပ်များ ဝယ်ယူနိုင်ပါပြီ

ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံတွင် လက်ရှိအသုံးပြုလျက်ရှိသော အချိုးကျကိုယ်စားပြုစနစ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ဆောင်ရွက်ပုံနည်းလမ်းများအကြောင်း၊ အခြေခံရွေးကောက်ပွဲစနစ်များအကြောင်း၊ မြန်မာနိုင်ငံနှင့် အချိုးကျကိုယ်စားပြုစနစ်အကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ပညာအရည်အချင်း သတ်မှတ်ချက်များအကြောင်း စသည်တို့ကို လေ့လာရေးသားဖော်ပြထားသည့်အပြင် အာရှနိုင်ငံ ၁၇ နိုင်ငံ၊ ဥရောပနိုင်ငံ ၁၀ နိုင်ငံ၊ တောင်အမေရိကနိုင်ငံ ၂ နိုင်ငံနှင့် အာဖရိကနိုင်ငံ ၂ နိုင်ငံ စုစုပေါင်း နိုင်ငံ ၃၁ နိုင်ငံတို့၏ ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းပုံများ၊ ရွေးကောက်ပွဲကျင်းပပုံ နည်းလမ်းများ၊ ရွေးကောက်တင်မြှောက်ရာတွင် အသုံးပြုသည့် နည်းစနစ်များ၊ မဲရေတွက်ခြင်းနည်းလမ်းများနှင့် လွှတ်တော်ဖွဲ့စည်းပုံများ၊ အစိုးရဖွဲ့စည်းပုံများကို တစ်စုတစ်စည်းတည်း ဖတ်ရှုလေ့လာနိုင်သည့် အောက်ဖော်ပြပါ စာအုပ်များကို ပြုစုထုတ်ဝေထားပြီး ဖြစ်ပါသည် -

၁။ ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း အတွဲ (၁)

၂။ ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း အတွဲ (၂)

ဝယ်ယူလိုသူများအနေဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး စာပေဗိမာန် အရောင်းဆိုင်များ၊ ရုံးအမှတ် (၂၂) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် တစ်အုပ်လျှင် ၅၀၀၀/- (ကျပ်ငါးထောင်နှုန်း) ဖြင့် ဆက်သွယ်ဝယ်ယူနိုင်မည် ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း => ၀၆၇-၃၄၀၄၃၁၃၊ ၀၆၇-၃၄၀၄၂၄၀

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် Micro မာရသွန် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ အားကစားသမား ၁၈၀၀ ကျော် ပါဝင်ဆင်နွဲ

ရန်ကုန် ဒီဇင်ဘာ ၂၃

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် Micro မာရသွန်အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲကို ယနေ့ နံနက် ၆ နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲ(၁) သုဝဏ္ဏရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ပြိုင်ပွဲကို သေနတ်ပစ်ဖောက် ဖွင့်လှစ်ပေးသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်းစုံ ၄၅မြို့နယ်မှအခြေခံပညာကျောင်းများ၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)၊ ရန်ကင်းပညာရေးကောလိပ်) သင်္ဃန်းကျွန်းပညာရေးကောလိပ်တို့မှ ကျောင်းသား၊ ကျောင်းသူများ၊ အပြေးဝါသနာရှင်များ စုစုပေါင်း ၁၈၀၀ ကျော် ပါဝင်ဆင်နွဲယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲဝင် အားကစားသမားများသည် သုဝဏ္ဏအားကစားရုံမှ စတင်တာထွက်၍ ဝေဇယန္တာလမ်း၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာ အဝိုင်း၊ ၎င်းမှ လာလမ်းအတိုင်း သုဝဏ္ဏအားကစားရုံသို့ ပြန်လည်ပန်းဝင်ခဲ့ကြသည်။

ပြိုင်ပွဲအပြီး အမျိုးသား၊ အမျိုးသမီး အသက် ၁၂ နှစ်အောက်၊ အသက် ၁၈ နှစ်အောက်၊ အသက် ၁၈ နှစ်နှင့်အထက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ငွေသားဆုများ ချီးမြှင့်ပေးကြသည်။

တင်စိုး

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘော(အမျိုးသား) ပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၃

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘော (အမျိုးသား)၊ (အမျိုးသမီး) ပြိုင်ပွဲများ ယနေ့ ဆက်လက်ကျင်းပသည်။

ယနေ့ နံနက်ပိုင်းတွင် အသက် (၂၅) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ် (၃)၌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိ ၊ မွန်းလွဲ ၃ နာရီတွင် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး-တစ်ဂိုးနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လယ်နေရာချထားရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိတို့ ဖြင့် အနိုင်ရရှိသည်။

ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက်တွင် ပြိုင်ပွဲတစ်ရက်နားမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၅ ရက် ညနေ ၃ နာရီတွင် ကွာတားဖိုင်နယ်ပွဲစဉ်များ အဖြစ် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ ညနေ ၅ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

ဘော်လီဘောပြိုင်ပွဲကျင်းပ

ထို့အတူ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ကို ယနေ့နံနက် ၉ နာရီမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဆက်လက်ကျင်းပခဲ့သည်။

ယနေ့ နံနက် ၉ နာရီက ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များ ယှဉ်ပြိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိသည်။

အခမဲ့ကြည့်ရှုနိုင်

ဘော်လီဘော အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ (အမျိုးသမီး) ပွဲစဉ်များအဖြစ် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ (အမျိုးသား) ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

အားကာမောင်

အိန္ဒိယနိုင်ငံ၌ နှာခေါင်းအတွင်း အစက်ချ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအတည်ပြုပေး

နယူးဒေလီ ဒီဇင်ဘာ ၂၃

အိန္ဒိယနိုင်ငံ၌ နှာခေါင်းအတွင်း အစက်ချ ကိုဗစ်-၁၉ ကာကွယ်ဆေး iNCOVACC ကို ဗဟို အစိုးရက ဒီဇင်ဘာ ၂၃ ရက်တွင် အတည်ပြုပေးလိုက်သည်ဟု သိရသည်။

အဆိုပါ ကာကွယ်ဆေးမှာ ဘာဟာရက် ဇီဝနည်းပညာ ကုမ္ပဏီလိမိတက်မှ ထုတ်လုပ်ထားခြင်းဖြစ်သည်။ ယင်းကာကွယ်ဆေးမှာ လတ်တလောတွင် ပုဂ္ဂလိကဆေးရုံများ၌သာ ရရှိနိုင်ဦးမည်ဖြစ်သည်ဟု အိန္ဒိယပြည်သူ့အသံလွှင့်ဌာန ပရာဆာဘာဟာရတီ သတင်းဌာနက ဖော်ပြခဲ့သည်။

နှာခေါင်းအတွင်း အစက်ချ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အသက် ၁၈ နှစ်နှင့်အထက်များ ကိုသာ အသုံးပြုခွင့်ပေးထားသေးသည်။ အဆိုပါကာကွယ်ဆေးကို အိန္ဒိယနိုင်ငံ၏ ဆေးဝါးထိန်းချုပ်ရေးဌာနမှ လွန်ခဲ့သည့်လအတွင်း ထောက်ခံချက်ပေးခဲ့ပြီး အရေးပေါ်သုံးစွဲခွင့်အတွက် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

ဂျပန်နိုင်ငံ၌ နှင်းထူထပ်စွာကျမှုကြောင့် လူ ရှစ်ဦးထက်မနည်း သေဆုံး

တိုကျို ဒီဇင်ဘာ ၂၃

မကြာသေးမီ အချိန်အတွင်း ဂျပန် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် နှင်းများထူထပ်စွာ ကျမှုကြောင့် လူရှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဂျပန်မီးသတ်နှင့် သဘာဝဘေးစီမံခန့်ခွဲမှု အေဂျင်စီက ပြောသည်။

ပြီးခဲ့သည့် သီတင်းပတ်မှ စတင်ကာ ဒီဇင်ဘာ ၂၃ ရက်နံနက် ၈ နာရီအထိ နှင်းမုန်တိုင်းကြောင့် ဒဏ်ရာရရှိသူ ၄၅ ဦးရှိသည်ဟု အေဂျင်စီက ပြောသည်။ ကာရှီဝါဇာကီမြို့၌ ကားအတွင်း သေဆုံးနေသည့် အသက် ၂၀ ဝန်းကျင် အမျိုးသမီးတစ်ဦးကို တွေ့ရှိရသည်ဟု အာဏာပိုင်များ ကပြောသည်။ နှင်းများကြောင့် ကားအိတ်ဇောပိုက်ပိတ်သွားခဲ့ပြီး ကာဗွန်မိုနောက်ဆိုဒ် အဆိပ်သင့်ကာ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ရဲများက သံသယရှိသည်။

နီဂါတာခရိုင်ရှိ အသက် ၈၀ ဝန်းကျင် သုံးဦးမှာမူ ၎င်းတို့နေအိမ်တစ်ဝိုက်ရှိ နှင်းများကို ရှင်းလင်းရန် ကြိုးပမ်းရင်း သေဆုံးခဲ့သည်ဟု သိရသည်။ ဂျပန်နိုင်ငံ မြောက်ပိုင်း အာကီတာခရိုင်တွင်မူ ဒီဇင်ဘာ ၂၁ ရက်က အသက် ၈၀ ဝန်းကျင် အမျိုးသားတစ်ဦး နှင်းများအောက်သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။ အသက် ၇၀ ဝန်းကျင် အမျိုးသားတစ်ဦးမှာမူ ၎င်းနေအိမ်ပေါ်မှ နှင်းများကို ရှင်းလင်းရန် ကြိုးပမ်းရင်း အသက်သေဆုံးခဲ့ရသည်။

ဟောက္ကိုင်းဒိုး၊ အကီတာ၊ ယာမာဂါတာ၊ နီဂါတာနှင့် အီရှီကာဝါခရိုင်တို့တွင် နှင်းထူထပ်စွာ ကျမှုကြောင့် သေဆုံးသူ ရှစ်ဦးရှိလာပြီဟု အာဏာပိုင်များက ပြောသည်။ ခရိုင်ခြောက်ခုတွင် နှင်းကြောင့် ပြင်းထန်စွာ ဒဏ်ရာရရှိသူ ၁၉ ဦးရှိပြီး အသေးစား ဒဏ်ရာရရှိသူ ၂၆ ဦးရှိသည်ဟု အာဏာပိုင်များက ပြောသည်။

အင်နန်အိတ်ချ်ကေ

နီဂါတာခရိုင်၌ နှင်းများရှင်းလင်းနေသည့် ဒေသခံကို တွေ့ရစဉ်။

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၈၅၀ ရှိပြီး ၂၁ ဦး သေဆုံး

မနီလာ ဒီဇင်ဘာ ၂၃

ဖိလစ်ပိုင်နိုင်ငံ၌ ဒီဇင်ဘာ ၂၂ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၈၅၀ ရှိရာ နိုင်ငံအတွင်း အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၄၀၆၀၂၃၆ ဦးရှိလာပြီ ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၁၆၉၉၄ ဦးအထိ တိုးမြင့်လာပြီး အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူ ၂၁ ဦးရှိသဖြင့် နိုင်ငံအတွင်း သေဆုံး သူပေါင်း ၆၅၁၉၃ ဦးရှိကြောင်း ကျန်းမာရေးဌာန (ဒီအိုအိတ်ချ်) က ပြောကြားသည်။

လူဦးရေ ၁၃ သန်းကျော်ရှိသည့် မြို့တော်မနီလာတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၃၅၄ ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ

ပါရီမြို့၌ ပစ်ခတ်မှုဖြစ်ပွား နှစ်ဦးသေဆုံး၊ လေးဦး ဒဏ်ရာရရှိ

ပါရီ ဒီဇင်ဘာ ၂၃

ပြင်သစ်နိုင်ငံ ပါရီမြို့အလယ်ပိုင်းတွင် ဒီဇင်ဘာ ၂၂ ရက်နံနက်ပိုင်းက ပစ်ခတ်မှုတစ်ခုဖြစ်ပွားရာ နှစ်ဦးထက်မနည်း သေဆုံးပြီး လေးဦး ဒဏ်ရာရရှိကြောင်း ပါရီမြို့အစိုးရရှေ့နေရုံးက ကြေညာခဲ့သည်။

အဆိုပါပစ်ခတ်မှုမှာ ပါရီမြို့ အစိုးရနယ်မြေ ၁၀ တွင် ဖြစ်ပွားခြင်းဖြစ်ပြီး သံသယရှိသူမှာ အသက် ၆၉ နှစ်အရွယ် အမျိုးသားတစ်ဦး ဖြစ်ကြောင်း ပါရီရဲတပ်ဖွဲ့က ၎င်း၏ လူမှုကွန်ရက်တွင် ပြောကြားသည်။ ပါရီအစိုးရရှေ့နေရုံးက လူသတ်မှုနှင့် ပိုမိုဆိုးရွားလာသည့် အကြမ်းဖက်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်နေကြောင်း သတင်းချန်နယ် ဘီအက်ဖ်အမ်တီဗွီသို့ ပြောကြားသည်။

ပါရီရဲမှူခင်းတပ်ဖွဲ့သည် ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ချက်ချင်းဖမ်းဆီးခဲ့သည့် သံသယရှိသူကို စစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း ဘီအက်ဖ်အမ်တီဗွီတွင် ဖော်ပြထားသည်။

ဆင်ဟွာ

မိုးရာသီကာလအတွင်း မာလာဒီ၌ မိုးကြိုးပစ်ခြင်းနှင့် အဆောက်အအုံပြိုကျမှုကြောင့် ၄၂ ဦး သေဆုံး

လီလွန်ဂွေးလ် ဒီဇင်ဘာ ၂၃

လက်ရှိ မိုးရာသီကာလအတွင်း မာလာဒီနိုင်ငံ၌ မိုးကြိုးပစ်ခြင်းနှင့် အဆောက်အအုံပြိုကျမှုဖြစ်ပွားခြင်းကြောင့် ၄၂ ဦး သေဆုံးခဲ့ကြောင်း အစိုးရက ဒီဇင်ဘာ ၂၂ ရက်တွင် ထုတ်ပြန်ထားသည်။

မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းများ တိုက်ခတ်ခြင်း ဖြစ်ပွားပြီးနောက် မိုးကြိုးပစ်ခြင်းကြောင့် ၂၈ ဦး သေဆုံးခြင်းနှင့် အဆောက်အအုံပြိုကျခြင်းကြောင့် ၁၄ ဦး သေဆုံးရာ ယခုသီတင်းပတ်အတွင်း သေဆုံးသူ ၄၂ ဦးအထိ တိုးလာကြောင်း ဘေးအန္တရာယ်နှင့်စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ချားလစ်ကလမ်ဘာက ပြောကြားသည်။

ယခုအချိန်အထိ လူပေါင်း ၈၅ ဦးမှာ ထိခိုက်ဒဏ်ရာရရှိပြီး လမ်းများ၊ ကျောင်းများနှင့် ဆေးရုံအချို့မှာလည်း ပျက်စီးခဲ့ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်း ၂၉ ခရိုင်ရှိသည့်အနက် ခရိုင် ၂၄ ခုတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးသီးမုန်တိုင်းကျရောက်ခြင်းနှင့် လျှပ်စီးလျှပ်ခြင်းတို့ ဖြစ်ပေါ်ခဲ့ရာ လူပေါင်း ၄၂၀၀၀ နီးပါးသည် ထိခိုက်ခံစားခဲ့ရကြောင်း ၎င်းက ပြောကြားသည်။

ဆင်ဟွာ

ကုလသမဂ္ဂက တောင်ဆူဒန်သို့ အမေရိကန်ဒေါ်လာ ၁၄ သန်း ပေးအပ်

ဂျိုနီဗာ ဒီဇင်ဘာ ၂၃

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြီးအကဲ မာတင်ဂရစ်ဖစ်သည် ဗဟို အရေးပေါ် တုံ့ပြန်ရေးရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၁၄ သန်းကို တောင်ဆူဒန်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

တောင်ဆူဒန်နိုင်ငံ၌ ရေကြီးမှုပြင်းထန်စွာ ခံစားရမှုနှင့် အကြမ်းဖက်မှုများ များပြားလာသည့်အတွက် တောင်ဆူဒန်နိုင်ငံသား ၂၆၂၅၁ ဦးကို တိုက်ရိုက်အကူအညီအဖြစ် ပေးအပ်ခြင်းဖြစ်သည်။ ယခုကဲ့သို့ အကူအညီများ ပေးအပ်ခြင်းဖြင့် တောင်ဆူဒန်ပြည်သူများ ထိခိုက်ခံစားနေရမှုကို လျော့ပါးစေမည်ဟု တောင်ဆူဒန်နိုင်ငံဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ညှိနှိုင်းရေးမှူး ဆာရာဘေစလိုးက ပြောသည်။

ကျန်းမာရေး၊ ပညာရေး၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးနှင့် ကာကွယ်ရေးတို့တွင် အဆိုပါ ရန်ပုံငွေများကို အသုံးပြုသွားမည်ဟု ကုလသမဂ္ဂသတင်းမှ သိရသည်။ တောင်ဆူဒန်နိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များအတွက် ရန်ပုံငွေ မလုံလောက်မှုမှာ လူဦးရေ သန်းပေါင်းများစွာကို ဒုက္ခရောက်စေသည်ဟု ကုလသမဂ္ဂသတင်းအရ သိရသည်။

လာမည့်နှစ်အတွက် ခန့်မှန်းခြေအားဖြင့် တောင်ဆူဒန်နိုင်ငံသား ၉ ဒသမ ၄ သန်းမှာ အသက်ကယ်အထောက်အပံ့များ လိုအပ်လာမည်ဟု ခန့်မှန်းထားသည်။ ယခင်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၈ ဒသမ ၉ သန်း တိုးလာခြင်းဖြစ်သည်။

ဆင်ဟွာ

တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် ဒီဇင်ဘာ ၂၃

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသောမေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်း အားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော် အကြီးအကဲမှ လမ်းညွှန်မှာကြားထား သည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်း စိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ် စိတ်ဓာတ်(Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နှင့် အနောက်တောင် တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရေတစ်ပြင်တည်း နေ့လယ်စာ သုံးဆောင်ကြသည်။

ထို့အတူ တိုင်းစစ်ဌာနချုပ်များ အလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများ အလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ အား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ချင်းပြည်နယ် ဟားခါးမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၂၃

ချင်းပြည်နယ် ဟားခါးမြို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ ပြုလုပ်ရာ အနောက်မြောက် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ကုန်ပစ္စည်းများ ပေးအပ်ခဲ့ရာ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မိသားစုဝင်များ၏ တင်ပြချက်များအပေါ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး စာအုပ်မျိုးစုံ ၁၆၀၀ လှူဒါန်း

ပုဗ္ဓသီရိ ဒီဇင်ဘာ ၂၃

ပြည်ထောင်စုနယ်မြေနေပြည်တော် ပုဗ္ဓသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် သုတ ရသစာအုပ်များ လှူဒါန်းပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် ပြည်ထောင်စုနယ်မြေနေပြည်တော် စာကြည့်တိုက်ဖောင်းဒေးရှင်းဥက္ကဋ္ဌ ဦးထွန်း(ကျယ်ဂေါင်) တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ စက်ကုန်းကျေးရွာ စာအုပ်အလှူရှင် ဦးသိန်းဆွေက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေးပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာလင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာအုပ်စာစောင်များ လှူဒါန်းပေးသည့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး လှူဒါန်းရရှိသည့် သုတ ရသစာအုပ်မျိုးစုံကို ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာအုပ်စာစောင်များ လှူဒါန်းပွဲတွင် အလှူရှင်များကသုတ၊ ရသ စာအုပ်မျိုးစုံ ၁၆၀၀ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သားငယ် (ပုဗ္ဓသီရိ)

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဒီဇင်ဘာ ၂၃

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၀၁၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၆၁၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

AFF Cup ပြိုင်ပွဲ အုပ်စု(က)တွင် အင်ဒိုနီးရှားအသင်း အဖွင့်လှုပ်ပြီး ဖိလစ်ပိုင်အသင်း နိုင်ပွဲစတင်ရရှိ

၂၀၂၂ AFF Cup ပြိုင်ပွဲ အုပ်စု (က) ဒုတိယနေ့ကို ဒီဇင်ဘာ ၂၃ ရက်က အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ၌ ဆက်လက်ကျင်းပရာ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်အသင်း အိမ်ကွင်း၌ အနိုင်ရရှိခဲ့သည်။

ဒုတိယနေ့တွင် အိမ်ကွင်း၌ ကစားရသည့် နှစ်သင်းစလုံး အမှတ်ပြည့်ရခဲ့ပြီး ကမ္ဘောဒီးယားအသင်းမှာမူ ယခင်ကထက်များစွာ တိုးတက်လာပြီး အင်ဒိုနီးရှားကို အဝေးကွင်း၌ ဂိုးပြန်သွင်းနိုင်သည့်အပြင် ကျဉ်းမြောင်းသည့်ရလဒ်ဖြင့်သာ အရေးနိမ့်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ ဘန်ကာနိုကွင်း၌ကျင်းပသည့်ပွဲတွင် အင်ဒိုနီးရှားအသင်းက ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စုအဖွင့်ပွဲတွင် ဖိလစ်ပိုင်ကို အိမ်ကွင်း၌ အနိုင်ကစားထားသည့် ကမ္ဘောဒီးယားအသင်းသည် အင်ဒိုနီးရှားကို အဝေးကွင်း၌ အရေးနိမ့်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ရီဇယ်လ်မန်မိုရီယယ် ကွင်း၌ ကျင်းပသည့်ပွဲတွင် ဖိလစ်ပိုင်အသင်းက ဘရူနိုင်းအသင်းကို ငါးဂိုး - တစ်ဂိုး ဖြင့် အနိုင်ရခဲ့သည်။ အုပ်စုပထမပွဲတွင် အရေးနိမ့်ထားသည့် ဖိလစ်ပိုင်အသင်းသည် အိမ်ကွင်း၌ နိုင်ပွဲပြန်ရှာတွေ့ခဲ့ပြီး ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။

ယခုပွဲအပြီးတွင် အုပ်စု (က) ၌ ထိုင်းနှင့် အင်ဒိုနီးရှားအသင်းက တစ်ပွဲကစား တစ်ပွဲနိုင် သုံးမှတ်၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်စီရရှိထားကာ ဘရူနိုင်းအသင်းမှာမူ နှစ်ပွဲစလုံး ရှုံးနိမ့်ပြီး အမှတ်မရသေးကြောင်း သိရသည်။ **ရဲရင့်လွင်**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

■ *ကျောဖုံးမှ*

လက်ကျန်ပွဲတွေမှာ အများကြီးရှုန်းကန်ရမှာပါ။ ရမှတ် ခုနစ်မှတ်ရဖို့ အုပ်စုတက်ဖို့ မျှော်လင့်နိုင်မှာဖြစ်လို့ အဝေးကွင်းပွဲတွေက အရေးကြီးပါတယ်။ အနိုင်သုံးမှတ်ရဖို့ ကြိုးစားမှာဖြစ်ပြီး တစ်သင်းလုံး ဒဏ်ရာပြဿနာ ကင်းစင်ပါတယ်။ ဒါပေမယ့်မြက်ခင်းတုကွင်းမှာ ကစားရမှာဖြစ်လို့ ခက်မှာပါ။ မြက်ခင်းတုကွင်းက ကစားသမားတွေ ဒဏ်ရာရ လွယ်ကူလို့ဖြစ်ပါတယ်”ဟုပြောကြားသည်။ ယနေ့ကစားမည့် လေးသင်းအနက် စင်ကာပူအသင်းမှာ ပထမဆုံးပွဲကစားရခြင်းဖြစ်ပြီး ကျန်သုံးသင်းမှာမူ ဒုတိယပွဲကစားရခြင်းဖြစ်သည်။ အုပ်စုပထမပွဲတွင် အနိုင်ရထားသည့် မလေးရှားအသင်းအနေဖြင့် အိမ်ကွင်း၌ လာအိုအသင်းနှင့် ကစားရမည်ဖြစ်သောကြောင့် နိုင်ပွဲဆက်ရန် အခြေအနေကောင်းနေပြီး မြန်မာအသင်းမှာမူ နောက်တစ်ဆင့်တက်ရောက်ရေး မျှော်လင့်ချက်အတွက် ယခုပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေသည်။

အုပ်စု (ခ) ဒုတိယနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် စင်ကာပူနိုင်ငံရှိ ဂျလန်ဘီဆာကွင်း၌ စင်ကာပူအသင်းနှင့် မြန်မာအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျလီကွင်း၌ မလေးရှားအသင်းနှင့် လာအိုအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်**

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉ ဦး တွေ့ရှိ

ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၁) ရာခိုင်နှုန်းရှိ

(၂၃-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၀၄) ခုအား စစ်ဆေးပြီး စီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၈၃,၄၀၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၅၉၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၁၉၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၉) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွားပြီး သေဆုံးမှု အနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၈) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၁၂-၂၀၂၂ — ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၁၉၇၀	၂၀၂၀	၂၀၁၅	၁၉၈၀	၂၀၁၅	၂၀၄၀	၂၀၂၅	၂၀၀၅	၂၁၀၀	၂၁၁၅	၂၀၁၀	၂၀၂၀	၂၀၅၅	၂၀၅၅	၂၀၅၅	၂၂၇၅	၂၇၆၀
95 Ron	၂၀၅၅	၂၁၀၅	၂၁၀၀	၂၀၆၅	၂၁၀၀	၂၁၂၅	၂၁၁၀	၂၀၉၀	၂၁၈၀	၂၁၉၅	၂၀၉၅	၂၁၁၀	၂၁၄၀	၂၁၄၀	၂၁၄၀	၂၃၆၀	၂၈၄၀
HSD (500 ppm)	၂၃၀၀	၂၄၄၅	၂၄၄၀	၂၃၀၅	၂၄၄၀	၂၃၆၅	၂၃၆၀	၂၄၃၀	၂၄၄၅	၂၄၄၀	၂၄၃၅	၂၄၄၅	၂၃၈၀	၂၃၈၀	၂၃၈၀	၂၆၀၀	၃၄၈၅
HSD (50 ppm)	၂၃၈၀	၂၄၂၅	၂၄၂၀	၂၃၈၅	၂၄၂၀	၂၄၄၅	၂၄၄၀	၂၄၁၀	၂၅၂၅	၂၅၂၀	၂၄၁၅	၂၄၂၅	၂၄၆၀	၂၄၆၀	၂၄၆၀	၂၆၈၀	၃၅၁၅
HSD (10 ppm)	၂၃၈၀	၂၄၂၅	၂၄၂၀	၂၃၈၅	၂၄၂၀	၂၄၄၅	၂၄၄၀	၂၄၁၀	၂၅၂၅	၂၅၂၀	၂၄၁၅	၂၄၂၅	၂၄၆၀	၂၄၆၀	၂၄၆၀	၂၆၈၀	၃၅၁၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၈၇၅	၁၉၄၆
95 Ron	၁၉၅၇	၂၀၂၉
HSD (500 ppm)	၂၁၉၅	၂၂၆၈
HSD (50 ppm)	၂၂၆၈	၂၄၄၃
HSD (10 ppm)	၂၂၆၈	၂၄၄၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဂျပန်အစိုးရ၏ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးရည်မှန်းချက်နှင့် ကြိုးပမ်းဆောင်ရွက်မှုများ

တက္ကသိုလ်မောင်ရွှေ

ဂျပန်နိုင်ငံဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး (environmental conservation) နဲ့ ရာသီဥတုပြောင်းလဲမှု (climate change) တိုက်ဖျက်ရေးမှာ ရှေ့တန်းက ဦးဆောင်ပါဝင်နေတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှု၊ ရာသီဥတုပြောင်းလဲမှုနဲ့ ဇီဝမျိုးစုံမျိုးကွဲတွေ ပျောက်ကွယ်ပျက်စီးလာမှုဟာ ကမ္ဘာမြေကြီးနဲ့ လူသားတွေအတွက် ခြိမ်းခြောက်မှုပြုလာတယ်လို့ ခံယူထားတဲ့ နိုင်ငံလည်း ဖြစ်ပါတယ်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနဲ့ရာသီဥတုပြောင်းလဲမှု ကိစ္စတွေဟာ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ခြင်းအပြင် လူသားတွေရဲ့ အပြုအမူတွေကြောင့် ဖြစ်ပေါ်လာတာနဲ့ အညီ ဒီကိစ္စရပ်တွေကို ကိုင်တွယ်ဆောင်ရွက်ရာမှာလည်း တစ်နိုင်ငံတည်းက ဆောင်ရွက်လို့မရနိုင်ဘဲ ကမ္ဘာ့နိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်သွားကြဖို့ လိုအပ်တဲ့အတွက် ဂျပန်နိုင်ငံဟာ ကျန်ကမ္ဘာ့နိုင်ငံတွေနဲ့လည်း လက်တွဲဆောင်ရွက်လျက်ရှိပါတယ်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနဲ့ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတွေ၊ ပူးပေါင်းဆောင်ရွက်မှု မူဘောင်တွေ ရှိထားပြီးဖြစ်ပေမယ့်လည်း နိုင်ငံတွေအကြား သဘောထားအမြင်ချင်း မတူညီမှုတွေ ရှိနေပါတယ်။ ဒီလိုအမြင်ကွဲပြားမှုတွေကြားကနေ စုစည်းညီညွတ်မှုတွေ ရရှိလာနိုင်အောင် နိုင်ငံတကာ ဆွေးနွေးပွဲတွေမှာ ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်နေကြပါတယ်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း အီဂျစ်နိုင်ငံ ရှမ်အယ်ရှိတ်မြို့ (Sharm El Sheik) မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ကုလသမဂ္ဂ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အစည်းအဝေး (COP 27) မှာ ဂျပန်နိုင်ငံဟာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီး ဂျပန်အစိုးရက အဆင့် ၇-ဆင့် ချမှတ်ပြီး ဆောင်ရွက်နေမှု အခြေအနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုတဲ့ နည်းပညာသစ်တွေကို ဖော်ထုတ်ချပြသွားခဲ့ပါတယ်။

အခု ဒီဆောင်းပါးမှာ ဂျပန်အစိုးရရဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး အတွက် နိုင်ငံအတွင်းမှာ ချမှတ်ဆောင်ရွက်နေတဲ့ အဆင့် ၇-ဆင့်နဲ့ ပတ်သက်ပြီး ဖော်ပြသွားမှာ ဖြစ်ပါတယ်။

အဆင့်-၁ (ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာအသုံးပြုမှုကို သမိုင်းစာမျက်နှာမှာပဲ ထားခဲ့ရန်)

ဂျပန်နိုင်ငံဟာ ၂၀၅၀ ပြည့်နှစ်အရောက်မှာ နိုင်ငံတွင်း ကာဗွန်ထုတ်လွှတ်မှုနဲ့ ပြန်လည်စုပ်ယူမှုမျှခြေ (carbon neutrality) ရရှိလာစေရမယ်လို့ ဂျပန်အစိုးရက ၂၀၂၀ ပြည့်နှစ်အောက်တိုဘာလမှာ ကြေညာခဲ့ပါတယ်။ ဒုတိယအပြင် ၂၀၃၀ ပြည့်နှစ်အရောက်မှာ နိုင်ငံတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ (green-house gas) ထုတ်လွှတ်မှုကိုလည်း ၂၀၁၃ ခုနှစ်တုန်းက ထုတ်လွှတ်ခဲ့တဲ့ ပမာဏထက် ၄۶ ရာခိုင်နှုန်း လျှော့ချသွားမယ်လို့ ၂၀၂၁ ခုနှစ် ဧပြီလအတွင်းက ကြေညာခဲ့ပါတယ်။ ကာဗွန်ထုတ်လွှတ်မှုကိုလည်း ၅၀ ရာခိုင်နှုန်းအထိ လျှော့ချသွားမယ့် မျှော်မှန်းချက် ရရှိရေးအတွက်လည်း ဆက်လက်ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိနေပါတယ်။

အဆိုပါရည်မှန်းချက်တွေ အောင်မြင်မှုရရှိစေရေးအတွက် ဂျပန်အစိုးရဟာ နိုင်ငံရဲ့ စွမ်းအင်မူဝါဒနဲ့ ပတ်သက်ပြီး ဦးတည်ချက်လမ်းကြောင်းကို ချမှတ်ပေးတဲ့ မဟာဗျူဟာမြောက် စွမ်းအင်စီမံကိန်း (Strategic energy plan) မှာ ပြင်ဆင်ပြောင်းလဲမှုတွေကို ၂၀၂၁ ခုနှစ် အောက်တိုဘာလအတွင်း ပြုလုပ်ခဲ့ပါတယ်။ ဒီပြင်ဆင်ပြောင်းလဲမှုတွေအရ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်တွေကို ဦးစားပေးအဆင့် သတ်မှတ်ပေးခဲ့ပြီး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဟာ နိုင်ငံရဲ့ အဓိကစွမ်းအင်အရင်းအမြစ် ဖြစ်စေရမယ်လို့ ဖော်ပြခဲ့ပါတယ်။ အလားတူပဲ ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်းမှာ အစိမ်းရောင်ပြုပြင်ပြောင်းလဲမှု (Green Transformation-GX) အကောင်အထည်ဖော်ရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါကိုယ်တိုင် ဦးဆောင်ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီဆွေးနွေးပွဲမှာ လက်ရှိနိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေးနဲ့ စက်မှုလုပ်ငန်းများမှာ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာကို အဓိကအသုံးပြုနေတဲ့ အခြေအနေကနေ သန့်ရှင်းတဲ့ စွမ်းအင်တွေကို ပြောင်းလဲအသုံးပြုသွားနိုင်ဖို့ လိုအပ်မယ့်နည်းလမ်းတွေကို ရှာဖွေဖော်ထုတ်သွားကြဖို့ လုပ်ငန်းစဉ်တွေ ချမှတ်ပေးခဲ့ပါတယ်။

အဆင့်-၂ (ကျန်းမာသန်စွမ်းသည့် အစိမ်းရောင်စီးပွားရေးကို ဖော်ဆောင်သွားရန်)

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါဟာ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှာ ဝန်ကြီးချုပ်တာဝန် စတင်ထမ်းဆောင်ပြီးနောက်ပိုင်း နိုင်ငံရဲ့ စီးပွားရေးကို စျေးကွက်စီးပွားရေးပုံစံသစ် (new type of capitalism) ကို ပြောင်းလဲ ကျင့်သုံးသွားမယ်လို့ ထုတ်ဖော် ပြောကြားခဲ့ပါတယ်။ အစိမ်းရောင် ပြုပြင်ပြောင်းလဲမှုဟာ ဒီစျေးကွက်စီးပွားရေးပုံစံသစ်မှာ အခြေခံအကျဆုံး ထောက်တိုင်တစ်တိုင်ဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ ဂျပန်နိုင်ငံမှာ ကာဗွန် ထုတ်လွှတ်မှု လျှော့ချရေးအတွက် ကာလ လယ်နဲ့ ကာလရှည်ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍက ပါဝင်ရင်းနှီးမြှုပ်နှံ မှုတွေကနေ တစ်ဆင့် နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေး အတွက် မောင်းနှင်အား (growth engine) တစ်ရပ်အဖြစ် ပြောင်းလဲပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိတဲ့ စီးပွားရေးပုံစံအဖြစ် ဖော်ဆောင်သွားမယ်လို့ ကြေညာခဲ့ပါတယ်။

ယနေ့ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရတဲ့ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်တွေဟာ သမားရိုးကျ စျေးကွက်စီးပွားရေးစနစ်ရဲ့ အနုတ်သဘောဆောင်တဲ့ ရလဒ်တွေဆိုတာ ထင်ရှားတဲ့ သာဓကတွေဖြစ်ကြောင်း၊ ဒီစနစ်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်တွေနဲ့ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုတွေဟာ ဒွန်တွဲဖြစ်ပေါ်နေ ကြောင်း၊ စျေးကွက်စီးပွားရေးပုံစံသစ်မှာတော့ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်တွေကတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားတွေအဖြစ် ဖော်ဆောင်သွားမှာ ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အဆင့်-၃ (နိုင်ငံတကာနှင့် လက်တွဲဆောင်ရွက်သွားရန်)

ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး လုပ်ငန်းဟာ နိုင်ငံတစ်နိုင်ငံတည်းကသာ ကိုင်တွယ်ဆောင်ရွက်လို့ရတဲ့ကိစ္စမဟုတ်ဘဲ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု မလွဲမသွေ လိုအပ်ပါတယ်။ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးလုပ်ငန်းစဉ်ကို အရှိန်မြှင့်တင် ဆောင်ရွက်သွားရေးဟာ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစည်းအဝေး (COP 27) မှာ အဓိက ဦးတည်ဆွေးနွေးခဲ့ကြတဲ့ ခေါင်းစဉ်တစ်ခုဖြစ်ပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးလုပ်ငန်းစဉ်ကို အခြားအာရှနိုင်ငံတွေနဲ့သာမက နိုင်ငံတကာနဲ့ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေကို COP 27 အစည်းအဝေးမှာ အလေးထားတင်ပြသွားခဲ့ပါတယ်။

ကာဗွန်ထုတ်လွှတ်မှု လျှော့ချနိုင်ရေး အတွက် စက်မှုကဏ္ဍမှာ အသွင်ပြောင်းလဲဆောင်ရွက်နေမှုတွေ၊ ဒီကဏ္ဍနဲ့ ပတ်သက်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုပြုလုပ်ဖို့ မိတ်ဖက် ဆောင်ရွက်နေမှုတွေ၊ သန့်ရှင်းတဲ့ စွမ်းအင်ကဏ္ဍမှာ တီထွင်ဖန်တီးမှု အသစ်တွေ ဖော်ထုတ်နိုင်ဖို့ ဖွံ့ဖြိုးပြီး နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ဆောင်ရွက်မှုတွေကိုလည်း ဂျပန်နိုင်ငံဟာ အလေးပေးဆောင်ရွက်လျက်ရှိနေပါတယ်။

ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချနိုင်ရေးအတွက် သန့်ရှင်းသော စွမ်းအင်များကို တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားနေစဉ်။

ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချပေးမည့် ဟီတာချီကုမ္ဗဏီမှထုတ်လုပ်သည့် ဟိုက်ဒရိုဂျင် စွမ်းအင်သုံးရထား။

ကာဗွန်ထုတ်လွှတ်မှုနဲ့ ပြန်လည်စုပ်ယူမှုမျှခြေ (carbon neutrality) ရရှိလာစေရမယ်လို့ ဂျပန်အစိုးရက ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှာ ကြေညာခဲ့ပါတယ်။ ဒုတိယအပြင် ၂၀၃၀ ပြည့်နှစ်အရောက်မှာ နိုင်ငံတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ (green-house gas) ထုတ်လွှတ်မှုကိုလည်း ၂၀၁၃ ခုနှစ်တုန်းက ထုတ်လွှတ်ခဲ့တဲ့ ပမာဏထက် ۶۷ ရာခိုင်နှုန်း လျှော့ချသွားမယ်လို့ ၂၀၂၁ ခုနှစ် ဧပြီလအတွင်းက ကြေညာခဲ့ပါတယ်။ ကာဗွန်ထုတ်လွှတ်မှုကိုလည်း ၅၀ ရာခိုင်နှုန်းအထိ လျှော့ချသွားမယ့် မျှော်မှန်းချက် ရရှိရေးအတွက်လည်း ဆက်လက်ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိနေပါတယ်။

အဆိုပါရည်မှန်းချက်တွေ အောင်မြင်မှုရရှိစေရေးအတွက် ဂျပန်အစိုးရဟာ နိုင်ငံရဲ့ စွမ်းအင်မူဝါဒနဲ့ ပတ်သက်ပြီး ဦးတည်ချက်လမ်းကြောင်းကို ချမှတ်ပေးတဲ့ မဟာဗျူဟာမြောက် စွမ်းအင်စီမံကိန်း (Strategic energy plan) မှာ ပြင်ဆင်ပြောင်းလဲမှုတွေကို ၂၀၂၁ ခုနှစ် အောက်တိုဘာလအတွင်း ပြုလုပ်ခဲ့ပါတယ်။ ဒီပြင်ဆင်ပြောင်းလဲမှုတွေအရ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်တွေကို ဦးစားပေးအဆင့် သတ်မှတ်ပေးခဲ့ပြီး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဟာ နိုင်ငံရဲ့ အဓိကစွမ်းအင်အရင်းအမြစ် ဖြစ်စေရမယ်လို့ ဖော်ပြခဲ့ပါတယ်။ အလားတူပဲ ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်းမှာ အစိမ်းရောင်ပြုပြင်ပြောင်းလဲမှု (Green Transformation-GX) အကောင်အထည်ဖော်ရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါကိုယ်တိုင် ဦးဆောင်ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီဆွေးနွေးပွဲမှာ လက်ရှိနိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေးနဲ့ စက်မှုလုပ်ငန်းများမှာ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာကို အဓိကအသုံးပြုနေတဲ့ အခြေအနေကနေ သန့်ရှင်းတဲ့ စွမ်းအင်တွေကို ပြောင်းလဲအသုံးပြုသွားနိုင်ဖို့ လိုအပ်မယ့်နည်းလမ်းတွေကို ရှာဖွေဖော်ထုတ်သွားကြဖို့ လုပ်ငန်းစဉ်တွေ ချမှတ်ပေးခဲ့ပါတယ်။

အဆင့်-၂ (ကျန်းမာသန်စွမ်းသည့် အစိမ်းရောင်စီးပွားရေးကို ဖော်ဆောင်သွားရန်)

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါဟာ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှာ ဝန်ကြီးချုပ်တာဝန် စတင်ထမ်းဆောင်ပြီးနောက်ပိုင်း နိုင်ငံရဲ့ စီးပွားရေးကို စျေးကွက်စီးပွားရေးပုံစံသစ် (new type of capitalism) ကို ပြောင်းလဲ ကျင့်သုံးသွားမယ်လို့ ထုတ်ဖော် ပြောကြားခဲ့ပါတယ်။ အစိမ်းရောင် ပြုပြင်ပြောင်းလဲမှုဟာ ဒီစျေးကွက်စီးပွားရေးပုံစံသစ်မှာ အခြေခံအကျဆုံး ထောက်တိုင်တစ်တိုင်ဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ ဂျပန်နိုင်ငံမှာ ကာဗွန် ထုတ်လွှတ်မှု လျှော့ချရေးအတွက် ကာလ လယ်နဲ့ ကာလရှည်ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍက ပါဝင်ရင်းနှီးမြှုပ်နှံ မှုတွေကနေ တစ်ဆင့် နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေး အတွက် မောင်းနှင်အား (growth engine) တစ်ရပ်အဖြစ် ပြောင်းလဲပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိတဲ့ စီးပွားရေးပုံစံအဖြစ် ဖော်ဆောင်သွားမယ်လို့ ကြေညာခဲ့ပါတယ်။

ယနေ့ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရတဲ့ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်တွေဟာ သမားရိုးကျ စျေးကွက်စီးပွားရေးစနစ်ရဲ့ အနုတ်သဘောဆောင်တဲ့ ရလဒ်တွေဆိုတာ ထင်ရှားတဲ့ သာဓကတွေဖြစ်ကြောင်း၊ ဒီစနစ်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်တွေနဲ့ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုတွေဟာ ဒွန်တွဲဖြစ်ပေါ်နေ ကြောင်း၊ စျေးကွက်စီးပွားရေးပုံစံသစ်မှာတော့ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်တွေကတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားတွေအဖြစ် ဖော်ဆောင်သွားမှာ ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အဆင့်-၃ (နိုင်ငံတကာနှင့် လက်တွဲဆောင်ရွက်သွားရန်)

ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး လုပ်ငန်းဟာ နိုင်ငံတစ်နိုင်ငံတည်းကသာ ကိုင်တွယ်ဆောင်ရွက်လို့ရတဲ့ကိစ္စမဟုတ်ဘဲ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု မလွဲမသွေ လိုအပ်ပါတယ်။ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးလုပ်ငန်းစဉ်ကို အရှိန်မြှင့်တင် ဆောင်ရွက်သွားရေးဟာ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစည်းအဝေး (COP 27) မှာ အဓိက ဦးတည်ဆွေးနွေးခဲ့ကြတဲ့ ခေါင်းစဉ်တစ်ခုဖြစ်ပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးလုပ်ငန်းစဉ်ကို အခြားအာရှနိုင်ငံတွေနဲ့သာမက နိုင်ငံတကာနဲ့ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေကို COP 27 အစည်းအဝေးမှာ ပြန်လည်ပြောကြားခဲ့ပါတယ်။

ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချနိုင်ရေးအတွက် ကမ္ဘာ့ကုန်သွယ်ရေးအတွက် စက်မှုကဏ္ဍမှာ အသွင်ပြောင်းလဲဆောင်ရွက်နေမှုတွေ၊ ဒီကဏ္ဍနဲ့ ပတ်သက်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုပြုလုပ်ဖို့ မိတ်ဖက် ဆောင်ရွက်နေမှုတွေ၊ သန့်ရှင်းတဲ့ စွမ်းအင်ကဏ္ဍမှာ တီထွင်ဖန်တီးမှု အသစ်တွေ ဖော်ထုတ်နိုင်ဖို့ ဖွံ့ဖြိုးပြီး နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု တွေအကြား ကာဗွန်ထုတ်လွှတ်မှု ကင်းစင်တဲ့ အသိုက်အဝန်းတစ်ရပ် (Asia Zero Emissions Community) တည်ထောင်သွားဖို့ အယူအဆသစ်တစ်ရပ်ကို ထုတ်ဖော်ကြေညာခဲ့ပါတယ်။ ဒီအယူအဆရဲ့ အခြေခံသဘောတရားက အာရှဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေ အလိုက် အားသာချက်နဲ့ စွမ်းဆောင်ရည်အပေါ်မူတည်ပြီး သက်ဆိုင်တဲ့ နိုင်ငံတွေအကြား ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိရေးကို တစ်ပြိုင်တည်းဆောင်ရွက်ပြီး အာရှဒေသတစ်ခုလုံးက ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးဆောင်ရွက်မယ့် မူဘောင်တစ်ရပ်ဖြစ်ပြီး နိုင်ငံအများ အပြားရဲ့ စိတ်ဝင်စားမှုကို ရရှိခဲ့ပါတယ်။

ဒီအယူအဆမှာ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်လာမယ့် စက်မှုကဏ္ဍ အပြောင်းအလဲတွေကို ငွေကြေးထောက်ပံ့နိုင်မယ့် အရင်းအမြစ်တစ်ခုကို တည်ထောင်သွားရေး အပါအဝင် နိုင်ငံတကာ ပူးတွဲရင်းနှီးမြှုပ်နှံမှုနဲ့ ငွေကြေးထောက်ပံ့ရေး လုပ်ငန်းစဉ်တစ်ရပ်ကို တည်ထောင်သွားဖို့လည်း ရည်မှန်းထားရှိပါတယ်။

စာမျက်နှာ ၁၇ သို့

❍ **ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးလုပ်ငန်းဟာ နိုင်ငံတစ်နိုင်ငံတည်းကသာ ကိုင်တွယ်ဆောင်ရွက်လို့ရတဲ့ ကိစ္စမဟုတ်ဘဲ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မလွဲမသွေ လိုအပ်ပါတယ်။ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးလုပ်ငန်းစဉ်ကို အရှိန်မြှင့်တင် ဆောင်ရွက်သွားရေးဟာ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစည်းအဝေး (COP 27) မှာ အဓိက ဦးတည်ဆွေးနွေးခဲ့ကြတဲ့ ခေါင်းစဉ်တစ်ခုဖြစ်**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးမြို့ ရန်ကင်းသာပန်းခြံဖွင့်လှစ်

ပဲခူး ဒီဇင်ဘာ ၂၃

ပဲခူးမြို့ ဟံသာဝတီရပ်ကွက်၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ခဲ့သော ရန်ကင်းသာပန်းခြံသစ်အား (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အဆိုပါပန်းခြံကားပါကင်၌ ဒီဇင်ဘာ၂၂ ရက်က ဖွင့်လှစ်ပွဲကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ရန်ကင်းသာ ပန်းခြံသစ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တရားလွတ်တော်တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်သိန်းနှင့် လူမှုရေးရာဝန်ကြီး ဦးအောင်မင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပန်းခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြည်သူများ စိတ်အပန်းပြေစေရေး အများပြည်သူ အပန်းဖြေနေရာများ ဖော်ထုတ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ ဟံသာဝတီရှေးဟောင်းကျုံးကို ပြန်လည်တူးဖော်ခြင်း၊ ကျုံးပတ်လမ်းများ ဖောက်လုပ်ခြင်းတို့အပြင် ပဲခူးမြို့ကို တိုင်းဒေသကြီး မြို့တော်တစ်ခု၏ အင်္ဂါရပ်နှင့်အညီဖြစ်စေရေး မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ခြင်း၊ လူသွားလမ်းပလက်ဖောင်းများ တည်ဆောက်ပေးခြင်း၊ မြို့သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ခြင်း၊ ယာဉ်အန္တရာယ်/လမ်းအန္တရာယ် ကင်းရှင်းစေရေး လမ်းညွှန်အမှတ်အသားများ ဆောင်ရွက်ပေးခြင်း၊ လမ်းလယ်ကျွန်းများ ဖော်ဆောင်ပေးခြင်း၊ လမ်းမီးတိုင်များ စိုက်ထူခြင်းနှင့်အတူ ရှေးဟောင်းအဆောက်အအုံများ၊ အထင်ကရ ဘုရားစေတီပုထိုးများနှင့် သာသနိကအဆောက်အဦးများကို ဘက်စုံအဆင့် မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

စာမျက်နှာ ၁၆ မှ

အဆင့်-၄ (ကာဗွန်လျှော့ချရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအား အကူအညီပေးသွားရန်)

ဂျပန်နိုင်ငံဟာ စျေးကွက်လုပ်ငန်းစဉ်သဘောတရားအပေါ် အသုံးချခြင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းတွေကို အခြားနိုင်ငံတွေနဲ့ ပူးတွဲဆောင်ရွက်သွားဖို့ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းစဉ်တွေကိုလည်း ဂျပန်နိုင်ငံဟာ COP 27 အစည်းအဝေးမှာ တင်ပြသွားခဲ့ပါတယ်။ ဒီမိတ်ဖက်ဆောင်ရွက်မှုဟာ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရေးနဲ့ ပတ်သက်ပြီး နိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်သွားမယ့် အစီအစဉ်ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှု ဖယ်ရှားနိုင်ခြင်းရလဒ်ကို အခြား နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံအလိုက် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရေး ရည်မှန်းချက်ပြည့်မီဖို့ အသုံးပြုခြင်း ဖြစ်ပါတယ်။ ဒီလိုအသုံးပြုရာမှာ ဖန်လုံအိမ်ဓာတ်ငွေ့ကို အမှန်လျှော့ချခဲ့တဲ့ နိုင်ငံရဲ့ တာဝန်ရှိမှုအပေါ် ပါဝင်ဖြည့်ဆည်းမှုကို ထည့်သွင်းတွက်ချက်သွားမှာ ဖြစ်ပါတယ်။

ဥပမာအနေနဲ့ မြင်သာအောင်ပြရရင် ဂျပန်နိုင်ငံက ကုမ္ပဏီတစ်ခုဟာ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံမှာ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံတစ်ရုံကို တည်ဆောက်ပေးခြင်းကြောင့် အဲဒီဖွံ့ဖြိုးဆဲနိုင်ငံရဲ့ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးကို ဆောင်ရွက်ပေးနိုင်တယ်ဆိုရင် ဒီထုတ်လွှတ်မှု လျှော့ချနိုင်တဲ့ ပမာဏရဲ့ အစိတ်အပိုင်းတစ်ရပ်ကို ဂျပန်ကုမ္ပဏီရဲ့ ပါဝင်ဖြည့်ဆည်းပေးမှု အတိုင်းအတာ အပေါ်မူတည်ပြီး ဂျပန်နိုင်ငံရဲ့ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးရလဒ်အဖြစ် တွက်ချက်ဖော်ပြသွားဖို့ဖြစ်ပါတယ်။

ဒီလို ဆောင်ရွက်နိုင်ခဲ့မယ်ဆိုရင် ဂျပန်နိုင်ငံက စီးပွားရေးကုမ္ပဏီကြီးတွေကို ဆွဲဆောင်နိုင်စေမှာဖြစ်သလို ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့လည်း ကာဗွန်ထုတ်လွှတ်မှုနည်း ပညာကို အလွယ်တကူရရှိနိုင်မှာ ဖြစ်ပါတယ်။ ပုံမှန်အားဖြင့်ဆိုရင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး အဆင့်မြှင့်နည်းပညာ ရင်းနှီးမြှုပ်နှံမှုတွေဟာ ကာလတိုအတွင်းမှာ အမြတ်အစွန်း ပြန်လည်ရရှိနိုင်တဲ့ အလားအလာ နည်းပါးတဲ့အတွက် အထက်မှာဖော်ပြခဲ့သလိုမျိုး ဖွံ့ဖြိုးဆဲနိုင်ငံတွေနဲ့ မိတ်ဖက်ဆောင်ရွက်ခြင်းကို အကောင်းဆုံး အသုံးပြုသွားနိုင်မှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့လည်း ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး အဆင့်မြှင့်နည်းပညာတွေကို ငွေကြေးအရ ဝန်ထုပ်ဝန်ပိုးမဖြစ်ဘဲ ရရှိနိုင်စေမှာဖြစ်တဲ့အတွက် နှစ်ဦးနှစ်ဖက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမယ့် မိတ်ဖက် ဆောင်ရွက်မှုဖြစ်ပါတယ်။

အဆင့်-၅ (အခြေခံ လုပ်ငန်းများအား ပြုပြင်ပြောင်းလဲမှုတွင် ပါဝင်နိုင်ရေး တိုက်တွန်းသွားရန်)

ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ အစည်းအဝေးတွေမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံအဆင့် ကြိုးပမ်းအားထုတ်မှုတွေကို အဓိကဦးတည်ဆွေးနွေးကြတာ ဖြစ်ပါတယ်။ သို့သော် လက်တွေ့မှာ နိုင်ငံတော်အဆင့်နဲ့ လက်တွေ့မြေပြင်မှာ လုပ်ကိုင်ဆောင်ရွက်နေကြသူတွေ အကြားဟန်ချက်ညီညီလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြမှသာလျှင် နိုင်ငံတော်အဆင့် ရည်မှန်းချက်တွေ အောင်မြင်မှုရရှိမှာ ဖြစ်သလို ကာဗွန်ထုတ်လွှတ်မှုကို လည်း အဆုံးစွန်လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ ပြည်နယ်တွေရဲ့ ထူးခြားမှု အနေအထားအလိုက် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး သီးခြား အစီအစဉ်တွေကို အားပေးထောက်ပံ့မှု ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနဲ့ ပတ်သက်ပြီး သိသာသာသာ စွမ်းဆောင်မှုအားကောင်းတဲ့ ဒေသတွေရဲ့ အောင်မြင်မှုတွေကို လည်း စံနမူနာပြအဖြစ် မြို့ကြီးတွေမှာရော၊ ကျေးလက်ဒေသတွေမှာပါ အသားပေးဖော်ပြသွားမှာ ဖြစ်ပါတယ်။

ဂျပန်နိုင်ငံ နီဂါတာပြည်နယ်ရှိ အဏုမြူဓာတ်အားပေးစက်ရုံ တစ်ရုံ။

ဂျပန်နိုင်ငံ၏ ပြဒါးနယ်ရှိ အဏုမြူဓာတ်အားပေးစက်ရုံ တစ်ရုံ။

ဂျပန်နိုင်ငံ၏ ပြဒါးနယ်ရှိ ကုမ္ပဏီ ၁၀ ခု၊ ဂျပန်နိုင်ငံ ကျန်ရှိသော ကုမ္ပဏီ ၁၀ ခု ပေါင်း ၂၀ ခန့် ပြုလုပ်သွားခဲ့ပါတယ်။ ဒုတိယ ကမ္ဘာ့စစ်ကြီးပြီးနောက် ဂျပန်နိုင်ငံ ပြန်လည်တိုးတက်ကြီးပွားလာခဲ့ပြီးနောက် ကုမ္ပဏီကြီးတွေ ပေါ်ပေါက်ခဲ့ပြီး ကမ္ဘာ့ဈေးကွက်ကို ကျော်ဖြတ်ကာ ကမ္ဘာတစ်ဝှမ်းလုံးကို ရောက်ရှိခဲ့ကြပါတယ်။ ဒီကုမ္ပဏီကြီးတွေ ကမ္ဘာ့ဈေးကွက်ကို ကျော်ဖြတ်ကာ ကမ္ဘာတစ်ဝှမ်းလုံးကို ရောက်ရှိခဲ့ကြတဲ့ ကာလတုန်းက ကမ္ဘာ့ကုန်သွယ်ရေးနဲ့ ကမ္ဘာ့ဘဏ္ဍာရေးတို့ကို ဦးဆောင်ကြတဲ့ အနေအထားမှာ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၂၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဧနဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥယျောင်ရပ်ကွက်နေ အေးသီရိမိုး(ခ) အေးအေးသည် ၎င်းအသုံးပြုသည့် "Aye Thiri Moe" Facebook အကောင့်၊ ညောင်ဦးမြို့ အမှတ်(၁)ရပ်ကွက်နေ ဝတ်ရည်ထွန်းသည် ၎င်းအသုံးပြုသည့် "Wutt Ye Htun" Facebook အကောင့်၊ မွန်ပြည်နယ် မော်လမြိုင်မြို့ အောက်ကျင်းရပ်ကွက်နေ ဘိုဌေးသည် ၎င်းအသုံးပြုသည့် "Bo Htay" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တော်လတီကျေးရွာနေ ကြည်ဇင်ခန့်သည် ၎င်းအသုံးပြု သည့် "Kyi Zin Khant" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့် အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ကော့ကရိတ်မြို့ ခင်နိမ်းမူဂိတ်(၃)သို့ KKO(ခွဲထွက်)အဖွဲ့နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်၊ အပြစ်မဲ့ပြည်သူ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဒီဇင်ဘာ ၂၃

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်ရှိ ခင်နိမ်းမူဂိတ်(၃)၌ လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒီဇင်ဘာ ၂၂ ရက်တွင် KKO (ခွဲထွက်) အဖွဲ့နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဂိတ်အနီးအမှတ် (၇) ရပ်ကွက်အတွင်းသို့ ဗုံးသီးများ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ ဒေသခံပြည်သူ အမျိုးသားခြောက်ဦးနှင့် အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ကော့ကရိတ်မြို့ ခင်နိမ်းမူဂိတ် (၃) ၌ လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တပ်ဖွဲ့ဝင်များကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်ခန့်တွင် KKO(ခွဲထွက်) အဖွဲ့နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဂိတ်၏ အရှေ့မြောက်ဘက် မီတာ ၂၀၀ ခန့်နှင့် မီတာ ၃၀၀ ခန့်အကွာ နေရာများမှနေ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ အဆိုပါ အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီး ကျည်များသည် ဂိတ်အနီးရှိ အမှတ်(၇)ရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဒေသခံပြည်သူ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ အဆိုပါ အကြမ်းဖက်သမားများသည် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင် ဆေးကုသမှုပေးခဲ့ပြီး ၎င်းမှတစ်ဆင့် တောင်ကလေးမြို့နယ်မြေခံ တပ်မတော်ဆေးရုံသို့ ဆက်လက်ပို့ဆောင် ဆေးကုသမှု ခံယူလျက်ရှိသည်။

အထက်ပါ ဖြစ်စဉ်တွင် အကြမ်းဖက်သမားများနှင့် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ် လျက်ရှိကြောင်းနှင့် နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ချောင်းဦးမြို့နယ် တောပုကျေးရွာရှိ ဘုရားကြီးဘုန်းတော်ကြီးကျောင်းအား PDF အမည်ခံ အကြမ်းဖက်သမားများက Drone အသုံးပြု၍ Drop Bomb နှစ်လုံး ပစ်ချဖောက်ခွဲမှုကြောင့် ဒေသခံပြည်သူ အမျိုးသမီး ၁၀ ဦး ဗုံးစထိမှန် ဒဏ်ရာများရရှိ

နေပြည်တော် ဒီဇင်ဘာ ၂၃

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အဦများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက် မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့် အပြင် ရဟန်းသံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ အရပ်သားပြည်သူများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် တောပုကျေးရွာရှိ ဘုရားကြီးဘုန်းတော်ကြီးကျောင်းသို့ NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက Drone ဖြင့် Drop Bomb နှစ်လုံးအား ပစ်ချဖောက်ခွဲ တိုက်ခိုက်ခဲ့သဖြင့် အဆိုပါ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် သန့်ရှင်းရေးဆောင်ရွက်နေသည့် အသက်ရှစ်နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ အမျိုးသမီး ၁၀ ဦး ဗုံးစထိမှန် ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူများအား လုံခြုံရေး တပ်ဖွဲ့ဝင်များက ချောင်းဦးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူလျက်ရှိသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်မှုများ၌ ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် ယခုကဲ့သို့ NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၏ လူမဆန်သည့် အကြမ်းဖက် လုပ်ရပ်များအား ဒေသခံပြည်သူများက ရွံရှာမုန်းတီးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

တောပုကျေးရွာရှိ ဘုရားကြီးဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ Drop Bomb နှစ်လုံး ဖြုတ်ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ။



ကျုံပျော်ဌ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်း ဖွင့်ပွဲကျင်းပ

ကျုံပျော် ဒီဇင်ဘာ ၂၃ အခြေခံ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာ ရရှိနိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့၌ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက်နံနက် ၉ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက အထွေထွေ ရွေးကောက်ပွဲ ကျင်းပရာတွင် အခြေခံမဲဆန္ဒရှင်စာရင်း မှန်ကန်ရေးသည် လွန်စွာအရေးကြီးကြောင်း၊ ယခုနည်းပြသင်တန်းကို တက်ရောက်သူများသည် မြေပြင်တွင် လုပ်ငန်းများ လက်တွေ့ဆောင်ရွက်နိုင်ရန် အဆင့်ဆင့် သင်တန်းပို့ချသွားရမည့် အဓိက တာဝန်ရှိသူများဖြစ်သည့်အတွက် ယခုပို့ချမည့် သင်ခန်းစာများကို စိတ်ပါဝင်စားစွာနဲ့ သင်ယူပြီး နိုင်ငံတော်အတွက် အရေးကြီးသည့် လုပ်ငန်းစဉ်ကြီး ပြီးမြောက်အောင်မြင်စေရန် ပံ့ပိုးကူညီဖို့ တိုက်တွန်းပါကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျုံပျော်ခရိုင် ဦးစီးမှူး ဒေါ်ခင်သီတာဝင်းက အိမ်ထောင်စု လူဦးရေစာရင်း မြေပြင်ကွင်းဆင်း စာရင်း ကောက်ယူရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ ခရိုင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌက မြို့နယ်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများ အား တာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်သည်။

အဆိုပါ နည်းပြသင်တန်း ဖွင့်ပွဲ အခမ်းအနားသို့ ခရိုင်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျုံပျော်၊ ရေကြည်နှင့်ကျောင်းကုန်း မြို့နယ်တို့မှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ လဝက ဦးစီးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ စုစုပေါင်း ၇၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

လပြည့်ဦး
(ပြန်/ဆက်)

ယနေ့စျေးကွက်ပေါက်စျေးများ

၂၃ - ၁၂ - ၂၀၂၂

ရွှေ

အကယ်ဒမီမီးလင်းရွှေအဖွင့်စျေး	တစ်ကျပ်သား ကျပ် ၂၁၂၂၀၀၀
အကယ်ဒမီမီးလင်းရွှေအပိတ်စျေး	တစ်ကျပ်သား ကျပ် ၂၁၁၇၀၀၀
ကမ္ဘာ့ရွှေစျေးအဖွင့်စျေး	တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၉၃
ကမ္ဘာ့ရွှေစျေးအပိတ်စျေး	တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၉၇

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီစျေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၃၄၀ ကျပ်	၂၃၈၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၄၂၀ ကျပ်	၂၄၆၅ ကျပ်
အောက်တိန်း ၉၂	၁၉၆၅ ကျပ်	၂၀၁၅ ကျပ်
အောက်တိန်း ၉၅	၂၀၃၅ ကျပ်	၂၀၈၅ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၂၁၀၀ . ၀
ဥရောပ	တစ်ယူရို	ကျပ်	၂၂၂၈ . ၂
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၅၅၅ . ၃
ထိုင်း	တစ်ဘတ်	ကျပ်	၆၀ . ၄၅၈
ဂျပန်	ယန်း ၁၀၀	ကျပ်	၁၅၈၃ . ၃
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၄၇၄ . ၅၈
တရုတ်	တစ်ယွမ်	ကျပ်	၃၀၀ . ၅၁
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၅ . ၃၄၂

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်

ကုမ္ပဏီအမည်	အဖွင့်စျေး (ကျပ်)	အပိတ်စျေး (ကျပ်)	ရယ်ယာစောင်ရေ	ရယ်ယာတန်ဖိုး (ကျပ်)
FMI	၈၉၀၀	၈၇၀၀	၇၃၉	၆၄၉၃၁၀၀
MTSH	၃၂၅၀	၃၂၀၀	၆၉၀၀	၂၂၁၂၁၅၀
MCB	၀	၀	၀	၀
FPB	၁၉၀၀၀	၁၉၀၀၀	၁၀၀	၁၉၀၀၀၀၀
TMH	၀	၀	၀	၀
EFR	၂၇၀၀	၂၇၀၀	၄	၁၀၈၀၀
AHP	၀	၀	၀	၀

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ	-	ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀۶۷-၃۶۵۶၂၂ စာတည်းအဖွဲ့ ၀۶۷-၃۶۵۶၅၅ ဖက်စ် ၀۶۷-၃۶۵۶၃၃ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းဖြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅۶۶۶၃၀၉၊ မန်နေဂျာ ၀၁-၅۶۶۶၃၀၄၊ စီမံ ၀၁-၅۶۶۶၃၁၅ ဌေစာရင်း ၀၁-၅۶۶۶၃၀၆၊ ကြော်ငြာ ၀၁-၅۶۶۶၃၃۶، ၀၁- ၅۶۶۶၃၀၈ Fax ၀၁-၅۶۶۶၂၁ ၀۶۷-၃۶۵۶၈ ဖြန့်ချိရေး ၀၁-၅۶۶۶၃၀۷ Fax ၀၁-၈۶۵۶۵۶۵။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

မြန်မာ့အာသံနှင့်ရုပ်မြင်သံကြား

၂၄-၁၂-၂၀၂၂ ဝဒေါနေ့

MRTV HD

- ၀၆:၀၀ တောင်တန်းသားသနားပြုဆရာတော်တုရားကြီး၏ ပရိတ်ရားတော် (**အစုလိတရသုတ်**)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၁၅ Weekly Sports Info
- ၀၈:၁၅ 'ARSA အကြမ်းဖက်အဖွဲ့ရဲ့လုပ်ရပ်'
- ၀၉:၁၀ (ဂ၅)နှစ်မြောက်စိန်ရတုတပ်မတော်(ဌရ)နေ့ အထိမ်းအမှတ်ဝုက်ပြုအစီအစဉ် '**မွန်ဖြတ်စိတ်ထားပြည်သူ့တပ်မတော်သား**'
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၁၀ လူငယ်ရေးရာအစီအစဉ်
- ၁၁:၄၅ တိုင်းရင်းသားရိုးရာအစားအစာအစီအစဉ် '**လီဘူးမိုးရာဖားလျှာ**' (ဝက်သားဆွန်တန်ဟင်းရည်)
- ၁၃:၁၀ MRTV National News
- ၁၄:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ အောင်ပွဲမကျိုင်ရင်သိုင်ချီတက်(အပိုင်း-၁၅)
- ၁၅:၂၅ "Beyond the Mountains" Part-4 "Man & Nature"
- ၁၆:၁၅ ပုံပြင်ကဏ္ဍ 'ပညာသည်သာအရာရာ'
- ၁၆:၄၅ ရွှေယမ်ရုံလင်းဘာသီယံအစီအစဉ်
- ၁၇:၂၀ (ဂ၅)နှစ်မြောက်စိန်ရတုတပ်မတော်(ဌရ)နေ့ အထိမ်းအမှတ်ဝုက်ပြုအစီအစဉ် '**အဏ္ဏဝါဌရရှိမင်းတို့သက်ငယတည်**'
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ (ဂ၅)နှစ်မြောက်စိန်ရတုတပ်မတော်(ဌရ)နေ့ အထိမ်းအမှတ်ဘေးသီချင်း
- ၁၈:၅၀ သုတေဝတြာ...သိမ်ငယဟာ
- ၁၉:၂၀ မြန်မာဇာတ်လမ်းတွဲ "**အတိုးမပေးတဲ့...နီးလေး**" (အပိုင်း-၂၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ (ဂ၅)နှစ်မြောက်စိန်ရတုတပ်မတော်(ဌရ)နေ့ ဝုက်ပြုဇာတ်လမ်း '**ကြယ်ညွှန်ရာသစ္စာ**' (အပိုင်း-၇)
- ၂၁:၄၀ နိုပါတ်တော်လာဇာတ်သတင်းပဟာ "**ဝေဿန္တရာဇာတ်တော်ကြီး**"

mtv

- 07:02 Evergreen Classic: Myat Day Thanar (Pan Ei Phyu)
- 07:09 Weekly Review
- 07:25 Myanmar Bamboo Xylophone (or) Pattala
- 07:31 The Art of Taxidermy: U Myo Naing
- 07:42 Myanmar Designer Studio
- 08:01 News
- 08:28 Discovering Tribes: Tai khamti (or) Khamti Shan (Their Life and Customs) (Part-2)
- 08:48 Moe La Win's Piano Melody 4 (Rudolph the Red-Nosed Reindeer by Johnny Marks)
- 08:50 Healthy Diet: Detox Water
- 09:01 Quiz Time
- 10:01 News
- 10:26 Paper Flower
- 10:32 A Trip to Gyobyu Reservoir (Part-1)

MRTV NRC

- **၁၂:(လိုင်ဖိုး) (၆:၀၀ မှ ၇:၀၀)** သဘာဝမြေညြာဗာပြုလုပ်နည်း
- **၁၂:(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)** နွားနေနက်သားဆန်ပြုတ်
- **မွန် (၀၈:၀၀ မှ ၁၀:၀၀)** ရေးဟောင်းမွန်ရိုးရာတူရိယာ
- **ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)** ဟင်းပင်ပေါ်ဘုရားဖူးကြမယ်
- **ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)** ရွမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၄)
- **'ဝ' (၁၄:၀၀ မှ ၁၆:၀၀)** ဝက်နံရိုးချဉ်စပ်ဟင်းရည်
- **ကချင် (၁၆:၀၀ မှ ၁၈:၀၀)** ပေါင်လန်ဖူးအလှဒီနေ့ဗီဒီယိုကျေးရွာသို့
- **ကယား: (၁၈:၀၀ မှ ၂၀:၀၀)** ကာယားဘာသာစကားပြောကြရအောင်(အပိုင်း-၁၀)
- **ဝေကောဝရင် (၂၀:၀၀ မှ ၂၂:၀၀)** တောင်ကျွဲရှာသိုးအလည်တစ်ခေါက်
- **အနောက်ပိုးဝရင် (၂၂:၀၀ မှ ၂၂:၀၀)** ကျောက်ဝရုံသီးအစွမ်းအုံ့ပမာန်း
- **အရှေ့ပိုးဝရင် (၂၂:၀၀ မှ ၂၃:၀၀)** ဗားစည်မြေမှိုရိုးရာအလှ(အပိုင်း-၂)

MRTV NEWS

- ၀၆:၀၀ အဖွင့်ဒေါတီသီချင်း
- ၀၆:၀၅ လှပ်လှပ်ရှားရှားအားကစား
- ၀၆:၃၀ အားကစားသတင်း
- ၀၈:၁၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၄၅ Weekly International News
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၁၅ ကြည်ရွှေဝေါ်ရုရားနိုင်ငံတစ်ခွင်(အပိုင်း-၁)
- ၁၀:၁၅ ခရစ္စမတ်ချိန်ခါပျော်ရွှင်စရာ
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၁၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမုန်ကဏ္ဍ (LIVE)
- ၁၇:၁၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်ဒေါတီ
- ၀၉:၁၀ ဥပဒေရေးရာအခြေခြေဗာတ်လမ်းတို "**တံစိုးလတ်ဆောင်ရယ္ယခြင်း**"
- ၁၀:၀၀ ပြည်ထောင်စုလွှတ်တော်ကော်မတီ၏ ကြေညာချက်သတင်းများ
- ၁၀:၁၀ ဥပဒေအိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၃
- ၁၁:၀၀ နိုင်ငံတကာလွှမ်းကောက်ပွဲများအကြောင်း (ဆွစ်ဇလန်နိုင်ငံ)
- ၁၁:၁၀ အတွေးအမြင်(အပိုင်း-၃)

MRTV FARMERS

- ၀၆:၀၀ အဖွင့်နိုင်ငံတော်သီချင်း၊ နေတ်ဖွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ တောင်သူများအထောက်အပံ့ပြစ်ဝေရိုး ပျားမွေးမျိုးကြီ
- ၀၇:၀၀ ဆွေးနွေးကြမယ်၊ စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်
- ၀၇:၁၀ ကျွန်းမာပျော်ရွှင်စွာနေထိုင်ဖို့ သဘာဝပိုးသတ်ဆေးသုံးစွဲစို့
- ၀၈:၀၀ ဘေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျွန်းမာရေး
- ၀၉:၂၀ တောင်သူအကျိုးမြင့်ဖို့ရာ စိုက်သိမ်းချိန်လွှဲနှုန်းပညာ
- ၀၉:၅၀ အလည်တစ်ခေါက်အရောက်သွားမည် တောင်သူစိုက်ခင်းဆီ

MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၁၀ အပြေပ်အားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၁၀ Soccer View/Weekly Sports Info/Sports Diary
- ၀၇:၄၅ အားကစားလေကဆဲက သူတို့အကြောင်း
- ၁၀:၀၀ ပြန်လည်ခံစားမြန်မာနယ်ရှင်နယ်လိုက် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်ဝယ် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးသွားကျမ်းမည်ဖြစ်သည်

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ တောင်သူများနှင့် တွေ့ဆုံနှီးနှောဖလှယ်ပွဲ တက်ရောက်လာသူများ၏ ရင်တွင်းစကားသံများ

■ တွေ့ဆုံမေးမြန်း - ထိပ်ထားနိုင်

ဦးတိုးမင်း

ဒေါက်တာတင်ထွဋ်

ဦးအောင်မျိုးဦး

ဦးဝင်းကျော်

ဦးသန်းဇော်မင်း

ဦးအေးမောင်

"တောင်သူလယ်သမားတို့၏ လူမှုစီးပွားဘဝမြှင့်တင်ဖို့ အားလုံးအတူ ဆွေးနွေးစို့"ဆောင်ပုဒ်ဖြင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ တောင်သူများနှင့် တွေ့ဆုံနှီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၂၃ ရက်က မန္တလေးချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းဌာ ကျင်းပသည်။ အဆိုပါ တွေ့ဆုံနှီးနှောဖလှယ်ပွဲနှင့် ပတ်သက်၍ ကဏ္ဍစုံမှ တက်ရောက်လာသူများ၏ ရင်တွင်းစကားသံများကို တွေ့ဆုံမေးမြန်းထားသည်။

ဦးတိုးမင်း
ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးက နိုင်ငံတော်ရဲ့ အရေးပါသော ကဏ္ဍာဖြစ်ပြီး နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဖြစ်တဲ့ ကျေးလက်မှာ နေထိုင်သော တောင်သူများရဲ့ လူမှုဘဝတိုးတက်မြင့်မားရေးက အဓိကကျတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ တောင်သူများရဲ့ လူနေမှုဘဝတိုးတက်မြင့်မားစေရန်အတွက် ကြံ့တွေ့ရတဲ့ အခက်အခဲပြဿနာတွေကို ဝိုင်းဝန်းကူညီအဖြေရှာပေးခြင်းနဲ့ ပိုမိုကောင်းမွန်တဲ့ ရလဒ်တွေကို ပေါ်ထွန်းလာစေဖို့ မျှော်မှန်းပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ တောင်သူများနဲ့ တွေ့ဆုံနှီးနှောဖလှယ်ပွဲကို မန္တလေးမြို့မှာ ပထမဆုံးအကြိမ်အဖြစ် အနှစ်သာရရှိရှိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ဖို့ မန္တလေးတိုင်းဒေသကြီးအစိုးရကနေ ဖြစ်မြောက်ရေး ဆပ်ကော်မတီတစ်ခုဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ဆောင်ရွက်တဲ့နေရာမှာ မြို့နယ် ၁၁ ခု ကနေ တောင်သူပေါင်း ၁၅၀၀ ကို ဖိတ်ခေါ်တယ်။ သက်ဆိုင်ရာ ဝန်ထမ်း ၃၀၀ ကျော် လုပ်ငန်းရှင်တွေနဲ့ ပေါင်းစပ်ပြီးတော့ စုစုပေါင်း လူအင်အား ၂၀၀၀ ကျော်နဲ့ တက်ရောက်ဆောင်ရွက်ခဲ့တယ်။ ဒီတွေ့ဆုံနှီးနှောဖလှယ်ပွဲမှာ ပညာရှင်ကြီးများဖြစ်တဲ့ ဒေါက်တာတင်ထွဋ်လို စပါးပညာရှင်တွေ၊ ဝါနဲ့ ပတ်သက်ပြီး ဒေါက်တာဘွဲ့တွေ ရထားတဲ့ ဒေါက်တာခင်မျိုးငြိမ်း၊ ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနဦးစီးဌာနက ဒေါ်ခင်မျိုးဝင်း စတဲ့ပညာရှင်တွေကို ဖိတ်ကြားခဲ့တယ်။ ဒါ့အပြင် ပညာရှင်တစ်ဦးဖြစ်တဲ့ ဦးအောင်မျိုးဦးဆိုရင် တောင်သူရယ်၊ လုပ်ငန်းရှင်ရယ်၊ ဌာနရယ် ပေါင်းစပ်ပြီးတော့ မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်သွားအောင် လုပ်ငန်းရှင်အနေနဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့တာပါ။ ဒီလုပ်ငန်းစဉ်တွေအားလုံး အောင်မြင်ဖို့အတွက် ပညာရှင်များက တောင်သူများနဲ့အတူ လုပ်ငန်းရှင်များပါ ပူးပေါင်းဆွေးနွေးခြင်းဖြင့် လုပ်ငန်းကြီးတစ်ခုလုံး တစ်ရက်တာအတွင်း ထိရောက်အောင်မြင်အောင် ဆောင်ရွက်ပေးမှာဖြစ်သလို ပြဿနာပေါင်း ၃၀ နဲ့ ဖွဲ့စည်းထားပြီး လုပ်ငန်းရှင်တွေက အရည်အသွေးကောင်းပြီး တရားဝင်တင်သွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချတဲ့ ပစ္စည်းတွေကို တောင်သူတွေနဲ့ မိတ်ဆက်မယ်၊ ရောင်းချမယ် အသိပညာ အတတ်ပညာတွေကို ဆွေးနွေးဖလှယ်တာတွေ ပြုလုပ်တာ ဖြစ်ပါတယ်။

ဒေါက်တာတင်ထွဋ်
အမြတမ်းအတွင်းဝန်(ငြိမ်း)
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ဒီဆွေးနွေးပွဲက တောင်သူတွေအတွက် အင်မတန်လိုအပ်တယ်လို့ ထင်မိပါတယ်။ အကုန်အကျများတယ်လို့ ကျွန်တော်တို့ သုံးသပ်လို့ရသော်လည်း အကုန်အကျများသလောက် တောင်သူတွေအတွက် အတွေးသစ် အမြင်သစ်များနဲ့ လူအားလုံးကိုတော့ မဆိုလိုပါဘူး၊ တချို့ရသွားတဲ့အပိုင်းလည်း ရသွားမယ်။ ဒီထဲမှာ လုပ်ငန်းရှင်တွေလည်း ပါတဲ့အတွက် သူတို့ဘယ်အပိုင်းက ပါဝင်ကြမယ်ဆိုတဲ့ အသိလည်း ရသွားမယ်။ ဒီဆွေးနွေးပွဲကို တက်ရောက်ခြင်းဖြင့် တောင်သူတွေအနေနဲ့ ပညာရှင်တွေရဲ့ ဖုန်းနံပါတ်တွေ ရမယ်။ စပါးနဲ့ ပတ်သက်တဲ့ဟာတွေ၊ စိုက်ပျိုးရေးအတွက် မျိုးတွေနည်းစနစ်တွေ၊ အနေအထားတွေ ပြီးတော့ သူတို့အတွေးတွေရသွားမယ်။ ဝါလည်းပါတဲ့အတွက် ဝါစိုက်တောင်သူတွေအတွက် အရေးကြီးတဲ့ သတင်းအချက်အလက်တွေ၊ နောက်တစ်ခုက ဆီထွက်သီးနှံနဲ့ ပတ်သက်ပြီးတော့ ဆီထွက်သီးနှံ ပညာရှင်ကိုယ်တိုင် ပါဝင်တဲ့အတွက် သူတို့အနေနဲ့ ဘာတွေလိုက်နာရမယ်၊ ဘာတွေဆောင်ရွက်ဖို့ မသင့်ဘူးဆိုတာတွေကို ရသွားမှာပါ။ တောင်သူတွေလည်း ဒီကရသွားတဲ့ အသိတွေနဲ့ သုံးသပ်ပြီး ပြန်လည်အသုံးချနိုင်မယ်လို့ ထင်ပါတယ်။ တကယ်တော့ တောင်သူတွေကို အဓိကပေးချင်တဲ့ အချက်အလက်က တောင်သူလယ်သမားတစ်ဦးတည်း၊ ဝန်ကြီးဌာနတစ်ခုတည်း၊ ပုဂ္ဂလိကတစ်ခုတည်း ဆောင်ရွက်လို့ မရပါဘူး။ အင်မတန်အင်အားကြီးတဲ့ သံကွင်းဆက်ကြီးတွေလို တစ်ခုနဲ့တစ်ခု ဆက်စပ်ချိတ်ဆက်မှု ကောင်းကောင်းနဲ့ လုပ်ကိုင်ဆောင်ရွက်သွားကြမှ လိုချင်တာကို ဖြစ်မှာပါလို့ ပြောချင်ပါတယ်။

ဦးအောင်မျိုးဦး
လယ်ယာအထောက်အကူပြုစခန်း
ရှေ့ပြေးစီမံကိန်းဥက္ကဋ္ဌ

ကျေးလက်နေပြည်သူလူထုရဲ့ ဆင်းရဲနွမ်းပါးမှုကို လျော့နည်းခြင်းမှသည် ပယျောက်သည်အထိ တက်လှမ်းနိုင်ဖို့၊ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းနိုင်ဖို့အတွက် စိုက်ပျိုးရေးတစ်ခုတည်းနဲ့ ရပ်တည်လို့မရပါဘူး။ စိုက်ပျိုးရေးကို မွေးမြူရေးနဲ့ အထောက်အကူပြုရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေး မွေးမြူရေးအပြင် လယ်ယာသစ်တော၊ သီးနှံသစ်တော ရောနှောစိုက်ခြင်း စတဲ့နည်းပညာတွေကို ရောစပ်ပြီး တော့ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ဒီအတွက် လက်ရှိတောင်သူလယ်သမားတွေအတွက် တစ်နှစ်ပျမ်းမျှဝင်ငွေ ၁၀ သိန်း၊ ၁၅ သိန်း၊ သိန်း ၂၀ စသဖြင့် အနှိမ့်ဆုံးသော လူမှုစီးပွားဘဝလိုအပ်ချက်အတွက် များစွာလျော့နည်းနေတဲ့ အခြေအနေကနေ လူမှုစီးပွားဘဝလိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်တဲ့ ဝင်ငွေတစ်ရပ် ရရှိတဲ့အထိ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ဒီအခမ်းအနားကနေ လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်ကြတဲ့ တောင်သူလယ်သမားတွေ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲတွေကနေ ဘယ်လို လွတ်မြောက်အောင် လုပ်ကြမလဲဆိုတာကို ကောင်းစွာသိရှိနိုင်အောင် ဆွေးနွေးကြတာ ဖြစ်ပါတယ်။ ပညာရှင်တွေလည်း သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် ဆွေးနွေးပညာပေးပြီး အသိပညာတွေ မျှဝေကြမှာဖြစ်ပါတယ်။ အဓိကကတော့ တောင်သူလယ်သမား နိုင်ငံတော်အစိုးရနဲ့ ဌာနဆိုင်ရာတာဝန်ရှိသူတွေ၊ လုပ်ငန်းရှင်တွေ၊ ကျေးလက်နေပြည်သူတွေ ဘယ်လိုပေါင်းစပ်ပြီးတော့ ဆောင်ရွက်ကြမလဲဆိုတဲ့ နမူနာဖွဲ့စည်းဆောင်ရွက်ဖို့ အသိဉာဏ်တွေ အတွေးအမြင်တွေရသွားမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားများအတွက် အလွန်အဖိုးတန်လှတဲ့ အခမ်းအနားဖြစ်ပါတယ်လို့ ထင်မိပါတယ်။

ဦးဝင်းကျော်
ဝါအထူးဆု ပထမဆုရသူ
မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ဆည်ကြီးကျေးရွာ

အခုလို တောင်သူတွေနဲ့ ဌာနပေါင်းစုံတွေ့ပြီး တောင်သူတွေရဲ့ဘဝကို အခုလို မြေတောင်မြှောက်ပေးတဲ့အတွက် ဝမ်းသာပါတယ်။ အခုလို ဂုဏ်ပြုပေးပြီး နှီးနှောဖလှယ်ပွဲတွေ လုပ်ပေးတဲ့အတွက် ဂုဏ်ယူမိပါတယ်။ တောင်သူတွေအတွက် ဒီပွဲကနေ စိုက်ပျိုးပုံနည်းစနစ်တွေ နည်းပညာတွေ အများကြီးရပါတယ်။ တောင်သူတွေနဲ့ ပညာရှင်တွေ အခုလို ဆက်တိုက်တွေ့ဆုံပေးပြီး အသိပညာပေးတာတွေ လုပ်ပေးရင် စိုက်ပျိုးရေးလုပ်တဲ့နေရာမှာ ဒီထက်တိုးတက်မယ်လို့ ထင်ပါတယ်။ ဒါကြောင့် နှစ်တိုင်းဒီလိုမျိုးပွဲလေးတွေ လုပ်ပေးဖို့ အကြံပြုချင်ပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးစေ့ရယ်၊ ပိုးသတ်ဆေးရယ်ရရှိပြီး ပုလဲမြေသြဇာတွေကိုလည်း ထိုက်သင့်တဲ့ ဈေးနဲ့ထုတ်ပေးတဲ့အတွက် တောင်သူတွေအတွက် အကျိုးရှိပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူပူးပေါင်း သီးနှံအထွက်ကောင်း ဆောင်ပုဒ်နဲ့အညီ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် နိုင်ငံတော်အနေနဲ့ ပထမဆုရခဲ့တာဖြစ်ပါတယ်။ တောင်သူတွေကို နိုင်ငံတော်အနေနဲ့ နည်းပညာတွေ၊ မျိုးစေ့ကောင်းတွေ ဒီထက်ပံ့ပိုးပေးနိုင်မယ်ဆိုရင် စပါး၊ ပဲ၊ ဝါ၊ နှမ်း၊ ပြောင်း စတဲ့သီးနှံတွေစိုက်တဲ့အခါ ဒီထက် အထွက်တိုးမယ်လို့ ထင်မိပါတယ်။

ဦးသန်းဇော်မင်း
နေကြာ ပထမဆု
စဉ်ကိုင်မြို့နယ်၊ ရွာဘိုကျေးရွာ

ဒီလိုပွဲတွေ ကျင်းပပေးတဲ့အတွက် တောင်သူတွေအတွက် အကျိုးရှိမယ်လို့ ထင်မိပါတယ်။ တောင်သူတော်တော်များများနဲ့ တွေ့ရတယ်။ တွေ့တဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက် စိုက်ပျိုးတဲ့ပုံစံတွေ ဖလှယ်ကြတယ်။ ဒါ့အပြင် စိုက်ပျိုးရေးပညာရှင်တွေကလည်း စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ နည်းပညာတွေကို ဟောပြောဆွေးနွေးပေးတော့ အသိပညာတွေ ရပါတယ်။ တောင်သူတွေအနေနဲ့ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာအသစ်တွေ ရပါတယ်။ ပြခန်းတွေပါတဲ့အတွက် တောင်သူတွေအတွက် မျိုးကောင်းမျိုးသန့်တွေလည်း ရနိုင်တယ်။ အစိုးရအနေနဲ့ တောင်သူတွေအတွက် ဒီထက်ပိုပြီး စိုက်ပျိုးရေးအသိပညာတွေ ပေးတာတွေ၊ နည်းပညာတွေ ကွင်းဆင်းပြီး စနစ်တကျ ပြောပြပေးတာတွေတော့ လုပ်ပေးစေချင်ပါတယ်။

ဦးအေးမောင်
တောင်သူ
သာစည်မြို့နယ်၊ ကံရှည်ကျေးရွာအုပ်စု၊ မြေနီကျေးရွာ

ဒီလိုဆွေးနွေးပွဲတွေကို များများလုပ်စေချင်ပါတယ်။ တောင်သူတွေ ဗဟုသုတတွေကြွယ်ပြီး တောင်သူ လုပ်ပုံကအစ သုံးစွဲရတဲ့ မြေဩဇာသုံးစွဲပုံတွေရော အကုန်လုံးပြောပြပေးတဲ့အတွက် အကျိုးရှိတာပေါ့။ ဒီကနေရတဲ့အသိဉာဏ်တွေကို ကိုယ့်ဒေသ ရောက်ရင်လည်း ပြန်ပြီးမျှဝေနိုင်မယ်လို့ ထင်ပါတယ်။ ကျေးရွာတွေမှာ စိုက်ပျိုးရေးဦးစီးဌာနရဲ့ လမ်းညွှန်မှုတွေ၊ နည်းပညာဖြန့်ဝေမှုတွေနဲ့ စိုက်ပျိုးနေတဲ့အတွက် စပါးတစ်ဧကကို တင်း ၅၀၊ ၆၀၊ ၇၀ အထိ အထွက်နှုန်းတွေတိုးပြီး ထွက်ပါတယ်။ ဒီထက်ပိုပြီး ပျိုးထောင်ခြင်းကအစ နည်းပညာတွေ ဖြန့်ဝေပေးစေချင်ပါတယ်။ တောင်သူတွေ သီးနှံအထွက်တိုးရင် ပြည်သူတွေ ဖောဖောသီသီ စားနိုင် သုံးနိုင်မယ်လို့ ထင်မိပါတယ်။

အဆိုပါ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ တောင်သူများနှင့် တွေ့ဆုံနှီးနှောဖလှယ်ပွဲကို တိုင်းဒေသကြီးအစိုးရ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ တွေ့ဆုံ၍ နှီးနှောဖလှယ်ခြင်းဖြင့် တောင်သူ၊ လုပ်ငန်းရှင်များ၏ အခက်အခဲပြဿနာများကို ဝိုင်းဝန်းအဖြေရှာ ကူညီဖြေရှင်းပေးနိုင်ရန်၊ နှီးနှောဖလှယ်ပွဲကို လာရောက်ခြင်းအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းအထောက်အကူပြုပစ္စည်းများ၊ အရည်အသွေးမီ သွင်းအားစုများ၊ ဘေးအန္တရာယ်ကင်းရှင်းသော သီးနှံထုတ်ကုန်များကို သုံးစွဲတတ်စေရန်၊ မိရိုးဖလာ စိုက်ပျိုးရေးကွက်ဆင့်သောက်စနစ်မှ စနစ်တကျလယ်ယာမြေသို့

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှ

ကူးပြောင်းပြီး ခေတ်မီလယ်ယာသုံး စက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုလာစေရန်၊ စိုက်ပျိုးရေလေလွင့်ဆုံးရှုံးမှု လျော့နည်းသက်သာ စေရန်နှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် တောင်သူများ ကိုယ်တိုင် ပူးပေါင်းပါဝင်လာစေရန် ရေအသုံးချသူများအဖွဲ့များ တိုးတက်ဖွဲ့စည်းနိုင်ရန်၊ အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူများ ပူးပေါင်း ပညာပေးဆွေးနွေးခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နီးနှောဖလှယ်ပွဲမှတစ်ဆင့် စိုက်ပျိုးရေး ဆိုင်ရာ နည်းပညာဗဟုသုတများ အား အပြန်အလှန် မျှဝေခြင်းဖြင့် ကောင်းမွန်သည့် ဆက်သွယ်မှုကွန်ရက် ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး တွေ့ဆုံနီးနှော ဖလှယ်ပွဲအပြင် လယ်ယာစိုက်ပျိုးရေးနှင့် ပတ်သက်သည့် ပြခန်းပေါင်း ၃၀ ကိုလည်း ခင်းကျင်းပြသထားကြောင်း သိရသည်။

ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်၊ မြန်အောင်ခရိုင်၊ မအူပင်ခရိုင်နှင့် ဗျာပုံခရိုင်အတွင်းရှိ မြို့နယ်များ၏ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ရှင်းလင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၃

ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်နှင့် မြန်အောင်ခရိုင်အတွင်းရှိ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး၊ အခြေခံလူဦးရေစာရင်းမှ စာရင်းထပ်နေမှုများကို Cross-Check စနစ်ဖြင့် စိစစ်သန့်စင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနား၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းက အမှာစကား ပြောကြားပြီး ဟင်္သာတခရိုင်နှင့် မြန်အောင်ခရိုင်အတွင်း ဥပဒေနှင့်အညီ နေထိုင်သူများ စာရင်းအား Cross-Check ပြုလုပ်ထားမှုကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အခမ်းအနား တက်ရောက်လာသော ဌာနအသီးသီးမှ တာဝန်ခံအရာရှိများက အထွေထွေဆွေးနွေးဆောင်ရွက်ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်းရှိ မြို့နယ်များ၏ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို မွန်းလွဲ ၃ နာရီက မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး ဗျာပုံခရိုင်အတွင်းရှိ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက ဗျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌လည်းကောင်း ကျင်းပသည်။

အဆိုပါ အခမ်းအနားများတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က ဗျာပုံခရိုင်အတွင်း ဥပဒေနှင့်အညီ နေထိုင်သူများစာရင်းကို Cross-Check ပြုလုပ်ထားမှုကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အခမ်းအနားတက်ရောက်လာသော ဌာနအသီးသီးမှ တာဝန်ခံအရာရှိများက အထွေထွေဆွေးနွေးခြင်း ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ရောင်းစားပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဒီဇင်ဘာ ၂၃

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ရောင်းစားပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်နေ ဒေါ်မိညှပ်(ခ) ဒေါ်ဝင်းတင်က လိပ်စာတူနေ မ --- (၁၉) နှစ်အား မူဆယ်မြို့ရှိ အထည်ဆိုင်တွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ် နှစ်သိန်းရမည်ဟု စည်းရုံးပြောဆို၍ တရုတ်နိုင်ငံသို့ခေါ်ဆောင်ကာ တရုတ်မယားအဖြစ် ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ကျောင်းကုန်းမြို့မရဲစခန်း (ပ)၄၇၄/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုရေးဖွင့်၍ ကျုံ့ပျော်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၁ ရက်တွင် တရားခံ ဒေါ်မိညှပ်(ခ) ဒေါ်ဝင်းတင်ကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄/၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မိုးညှင်း၊ သာစည်၊ မောင်တောနှင့် မိုင်းဆတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၃

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် မိုးညှင်းမြို့နယ် ဟိုပင်မြို့ မိုးညှင်း-ဟိုပင်သွားကားလမ်း မြို့သစ်ကလေးကျေးရွာ တံတားအနီးတွင် မကြူကြူလှိုင်(ခ)ကြူကြူအား ကတ်ထူပုံးနှင့် အတူ မသက်ဘွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁ ကီလို သိမ်းဆည်းရမိခဲ့သည်။

မကြူကြူလှိုင်(ခ)ကြူကြူ အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့် အတူ တွေ့ရစဉ်။

အလားတူ ဒီဇင်ဘာ ၂၁ ရက်ည ၁၀ နာရီတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံ စစ်ဆေးရေးဂိတ်၌ တောင်ကြီးမြို့မှ သာစည်မြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ဘိုလှိုင်းနှင့် ဝင်းမင်းဦးတို့၏ ခရီးဆောင်အိတ်များအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀၀၀ ကိုလည်း ကောင်း။

ထို့အတူ ဒီဇင်ဘာ ၂၂ ရက်ညနေ ၆ နာရီ ၁၅ မိနစ်တွင် မောင်တောမြို့နယ် ဇူလကျေးရွာနေ မကော်ဆဲရ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀ဂ၂၅၀ ကိုလည်း ကောင်း၊ ဒီဇင်ဘာ ၂၂ ရက် ည ၈ နာရီ ၁၅ မိနစ်တွင် မိုင်းဆတ်မြို့နယ် (၁၀)မိုင်ကျေးရွာအနီး မိုင်းဆတ်-မိုင်းပျဉ်းသွား ကားလမ်းတွင် ကျော်ဝင်း (ခ) ကျဝင်းမောင်းနှင်ပြီး ကျလောတီ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၄၅၀ ကိုလည်း ကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်(ကုန်လှောင်ရုံ)၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၇၅၈၉၈) ကိုလည်းကောင်း၊ မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID) တွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသည့် ပိတ်ဖြတ်စ (၁ဖိ၃၉၀၀) မီတာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၀၁၄၄၀၀၀) ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန် လိုင်စင် တင်ပြနိုင်ခြင်းမရှိသော ပြန်လည်ပြုပြင်ထားသည့် Mini Computer ၁၀ စုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀) ကိုလည်းကောင်း၊ မြဝတီ- ဘားအံ- ရန်ကုန် ကုန်သွယ်မှုလမ်းကြီး၊ ဘုရားကြီး မြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မဏိရတနာကျော်ဆီဆိုင်အနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID) တွင် ကြေညာထားခြင်းမရှိသည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၂၇၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၈၅၀၄၈၇၈၉၈ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်ဝန်စည်များနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အိန္ဒိယအမျိုးသမီး ဝတ်စုံ ၂၆ စုံ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်၌ သွင်းကုန် ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် လျှပ်စစ်ထမင်းပေါင်းအိုး အလုံး ၄၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာချီလိတ်မြို့နယ် မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့မှ ကျိုင်းတုံမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ရေနွေးအိုး အလုံး ၆၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေး အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ (၅ ဒသမ ၈၂ဖ၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ဖ၇၇ဖ၂)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈ဖ၃ဖ၂၅ဖ၆၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ဘင်္ဂလား ပင်လယ်အော် အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၃

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာရွှေ့လျားခြင်းမရှိဘဲ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၅၉၅ မိုင်ခန့်၊ ဟိုးကြီးကျွန်းမြို့၏ အနောက် - အနောက်တောင်ဘက် ရေမိုင် ၆၉၅ မိုင်ခန့်၊ သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့၏ အရှေ့-အရှေ့မြောက်ဘက် ရေမိုင် ၁၉၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ နာဂါပတ္တနမ်မြို့၏ အရှေ့ - အရှေ့တောင်ဘက် ရေမိုင် ၂၅၀ ခန့်နှင့် ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၂၇၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ကပွလီပင်လယ်ပြင်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

အာဆင်နယ် VS ဝက်စ်ဟမ်း

နောက်ဆုံးတွေ့ဆုံမှု ဝက်စ်ဟမ်း ၁-၂ အာဆင်နယ်

ခြေစွမ်းထက်တဲ့ ဦးဆောင်သူ အာဆင်နယ်ကို ရမှတ်လိုအပ်ချက်ရှိနေတဲ့ ဝက်စ်ဟမ်း အနိုင်ရဖို့ ခြေကုန်ထုတ်လာမှာဖြစ်ပေမယ့် လုပ်အားနှုန်း သာမန်ထက် မပိုဘဲ အဆုံးသတ်ပိုင်းအားနည်းရင် ရှုံးပွဲကြုံတွေ့သွားဖွယ်ရှိတယ်။

ယခုတစ်ပတ်မှာတော့ ကမ္ဘာ့ဖလားပြိုင်ပွဲကြောင့် ရပ်နားထားတဲ့ ပရီမီယာလီဂ် ပွဲစဉ်တွေကို ပြန်လည်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ပရီမီယာလီဂ်ပွဲစဉ် (၁၇) ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပြီး ဦးဆောင်သူ အာဆင်နယ်က ဝက်စ်ဟမ်း၊ မန်စီးတီးက လီဒ်စ်အသင်းတို့နဲ့ ဆုံတွေ့နေပါတယ်။

ပရီမီယာလီဂ်ပွဲစဉ် (၁၇)

၂၆-၁၂-၂၀၂၂			တနလာနေ့
ဘရန့်ဖို့ဒ်	-	စပါး	ည ၇း၀၀
အဲဗာတန်	-	ဝုဖ်	ည ၉း၃၀
လက်စတာ	-	ကာဆယ်	ည ၉း၃၀
ဆောက်သမ်တန်	-	ဘရိုက်တန်	ည ၉း၃၀
ပဲလေစ်	-	ဖူလ်ဟမ်	ည ၉း၃၀
ဗီလာ	-	လီဗာပူး	နံနက် ၁၂း၀၀
အာဆင်နယ်	-	ဝက်စ်ဟမ်း	နံနက် ၂း၃၀
၂၇-၁၂-၂၀၂၂			အင်္ဂါနေ့
ချယ်ဆီး	-	ဘုန်းမောက်	နံနက် ၁၂း၀၀
မန်ယူ	-	နော်တင်ဟမ်	နံနက် ၂း၃၀
၂၈-၁၂-၂၀၂၂			ဗုဒ္ဓဟူးနေ့
လီဒ်စ်	-	မန်စီးတီး	နံနက် ၂း၃၀

အာဆင်နယ်အိမ်ကွင်းမှာ ဝက်စ်ဟမ်း အမြင့်ဆုံး သရေသာရမယ်

မိုးဇက်

မန်ယူ VS နော်တင်ဟမ်

နောက်ဆုံးတွေ့ဆုံမှု နော်တင်ဟမ် ၁-၈ မန်ယူ

နော်တင်ဟမ်က ယခုပွဲစဉ်ပြီးရင် ချယ်ဆီးနဲ့ ရင်ဆိုင်ကစားရဖို့ ရှိတယ်။ တန်းဆင်းဇုန်အတွင်းက ရုန်းထွက်ဖို့ကြိုးစားလာမယ့် နော်တင်ဟမ်ထက် ရမှတ်အပြည့်ရယူဖို့ ကြိုးစားလာမယ့် မန်ယူအသင်း ရလဒ်ကောင်းရရှိမယ်။

လီဒ်စ် VS မန်စီးတီး

နောက်ဆုံးတွေ့ဆုံမှု လီဒ်စ် ၀-၄ မန်စီးတီး

လီဒ်စ်ရဲ့ ခြေစွမ်း မဆိုးပေမယ့် ဦးဆောင်သူ အာဆင်နယ်ကို ထပ်ကြပ်မကွာဖိအားပေးဖို့ ကြိုးစားလာမယ့် မန်စီးတီးကို အနိုင်ရဖို့ မလယ်ဘူး။ လီဒ်စ်အသင်းထက် ဘက်ပေါင်းစုံသာလွန်တဲ့ မန်စီးတီး အသင်းက ရမှတ်အပြည့် ရရှိမယ်။

ဘရန့်ဖို့ဒ် VS စပါး

နောက်ဆုံးတွေ့ဆုံမှု ဘရန့်ဖို့ဒ် ၀-၀ စပါး

မာမာထန်ထန်ကစားတတ်တဲ့ ဘရန့်ဖို့ဒ်ရဲ့ ခြေစွမ်းက အဆိုးဘက်မှာ မရှိတာကြောင့် စပါးအသင်းကို ဒုက္ခပေးနိုင်စွမ်းရှိတယ်။ စပါးက ခံစစ်ပိုင်း၊ တိုက်စစ်ပိုင်းမှာ ဘရန့်ဖို့ဒ်ထက် သာတယ်လို့ဆိုနိုင်ပေမယ့် ရုန်းကန်ရနိုင်တယ်။

အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲတွင် လီဗာပူးကို မန်စီးတီးအနိုင်ရ

ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အီးအက်ဖ်အယ်လ်ဖလား စတုတ္ထအဆင့်ပွဲစဉ်တွင် မန်စီးတီးက လက်ရှိချန်ပီယံ လီဗာပူးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။

ပွဲချိန်အများစုကို မန်စီးတီးအသင်းက ထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း လီဗာပူးအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုနှင့် တုံ့ပြန်ကစားပုံ ထိရောက်မှုရှိသည့်အတွက် အပြန်အလှန်သွင်းဂိုးများနှင့် အတူ အကြိတ်အနယ်ရှိခဲ့ပြီး ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို ဟာလန်း၊ မာရက်ဇ်နှင့် အက်ဗီ တို့က ပွဲချိန် ၁၀ မိနစ်၊ ၄၇ မိနစ်နှင့် ၅၈ မိနစ်တို့တွင် သွင်းယူပေးနိုင်ခဲ့သည်။

လီဗာပူးအသင်းအတွက် သွင်းဂိုးများကို ကာဗယ်ဟိုနှင့် ဆာလာတို့က သွင်းယူပေးခဲ့သည်။ အောင်ဇော်

အီးအက်ဖ်လ်အယ်ဖလား ကွာတားဖိုင်နယ် အဆင့်ပွဲစဉ်များ မဲခွဲထုတ်ပြန်

အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို မဲခွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ ဘန်လေအသင်းကို ဂိုးပြတ် အနိုင်ရရှိခဲ့သော မန်ယူအသင်းက လိဂ်ဝမ်းကလပ် ချာလ်တန်အသင်းနှင့် တွေ့ဆုံနေသည်။

ဘရိုက်တန်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သော ချာလ်တန်အသင်းသည် အီးအက်ဖ်အယ်လ်ဖလားကွာတားဖိုင်နယ်သို့ တက်လှမ်းလာနိုင်သော ပရီမီယာလီဂ်မှ မဟုတ်သည့် တစ်သင်းတည်းသော အသင်းဖြစ်သည်။ လက်ရှိချန်ပီယံ လီဗာပူးကို အနိုင်ရရှိခဲ့သည့် မန်စီးတီးအသင်းက ဆောက်သမ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ထို့ပြင် အခြားသော ပွဲစဉ်တွေ့ဆုံမှုတွင် နော်တင်ဟမ် ဖော်ရက်စ်အသင်းက ဝုဖ်အသင်းနှင့် တွေ့ဆုံနေပြီး ခြေစွမ်းထက်မြက်နေသော နယူးကာဆယ်အသင်းက လက်စတာ အသင်းနှင့် တွေ့ဆုံနေသည်။

အီးအက်ဖ်အယ်လ်ကွာတားဖိုင်နယ်ပွဲစဉ်များကို လာမည့် ဧနခါရီလတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ အောင်ဇော်

စားဖိုမှူး ဆော့ဘော့၏ ဖလားကိုင်အောင်ပွဲခံမှုနှင့်ပတ်သက်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် စုံစမ်းစစ်ဆေးနေဟုဆို

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)သည် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲပြီးဆုံးချိန်တွင် ကွင်းအတွင်းဝင်ရောက်ကာ စားဖိုမှူး ဆော့ဘော့၏ ဖလားကိုင်အောင်ပွဲခံမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အမည်ရင်းမှာ နူစ်ရက် ဂျေ့စီဟုခေါ်သည့် တူရကီစားဖိုမှူး ဆော့ဘော့သည် ဗိုလ်လုပွဲတွင် ပြင်သစ်အသင်းကို အနိုင်ရရှိပြီးနောက် အာဂျင်တီးနားအသင်းသားများနှင့် အောင်ပွဲခံဆင်နွှဲရင်း ကမ္ဘာ့ဖလားဆုဖလားကို ကိုင်ကာ နမ်းနေသည့် ဓာတ်ပုံများ လူမှုကွန်ရက်တွင် ပျံ့နှံ့လာခဲ့ပြီး ဝေဖန်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။ ဖီဖာက သတ်မှတ်ထားသည့် စည်းမျဉ်းများတွင် ဆုဖလားကို ပြိုင်ပွဲတွင် အနိုင်ရရှိသူများ၊ ဖီဖာတာဝန်ရှိသူများနှင့် နိုင်ငံတော်အကြီးအကဲများသာ ကိုင်ခွင့်ရှိသည်ဟု ဖော်ပြထားသည်။

မက်ဆီ၊ စီရော်နယ်ဒို၊ ဒေးဗစ်ဘက်ဟမ်းအပါအဝင် လက်ရှိနှင့် ယခင်ဘောလုံးကစားသမားဟောင်းများသည် ဆော့ဘော့၏ စားသောက်ဆိုင်တွင် စားသောက်ဖူးကြောင်း သိရသည်။ ၎င်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပနေစဉ် နိုဝင်ဘာလတွင် ဖီဖာဥက္ကဋ္ဌ ဂီယန်နီ အင်ဖန်တီနိုနှင့် တွဲရိုက်ထားသည့် ဗီဒီယိုဖိုင်တစ်ခုကိုလည်း လူမှုကွန်ရက်တွင် တင်ခဲ့သေးသည်။ **အောင်ဇော်**

ကမ္ဘာ့ဖလားဆုဖလားကို ကိုင်ကာ နမ်းနေသည့် စားဖိုမှူး ဆော့ဘော့။

MSME Trade Promotion Fair 2022

MCRD

SME

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဒေသတွင်းထုတ်ကုန်ပြပွဲ

၂၆.၁၂.၂၀၂၂ မှ ၂၈.၁၂.၂၀၂၂ အထိ

မန္တလာသီရိ အားကစားကွင်း၊ မန္တလေးမြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၉) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ်(၁၂)နေ ကျွန်တော် ဦးအေးလှိုင် ၁၄/မမက(နိုင်)၁၇၆၅၅၇ က အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်တော်၏ နေအိမ်နှင့် မြေအကျယ်အဝန်း အလျား(၃၂)ပေ၊ အနံ(၇၀)ပေ အား မိခင်ဖြစ်သူ ဒေါ်တိုးက မိခင်မကွယ်လွန်မီ (၁၃-၁၁-၂၀၁၀)ရက်နေ့က အသိသက်သေ လူကြီးများရှေ့မှောက်တွင် သားဖြစ်သူ ကျွန်တော် ဦးအေးလှိုင် အား အပြီးအပိုင် လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါသည်။ ဤနေအိမ်နှင့် မြေတို့အား ဝယ်ယူမည့်သူများက စကားကမ်းလှမ်းထားကြပါသည်။ ဤနေအိမ်နှင့် မြေတို့နှင့် ပတ်သက်၍ သက်ဆိုင်သူများရှိပါက တရားဝင် ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးအေးလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ဆောင်းဝတ်ရည်နင်း
အထက်တန်းရှေ့နေ(စဉ်–၅၀၅၇၃)
အမှတ်(၂၈)၊ အေ(၆)လမ်း၊ (၃)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့
ဖုန်း–၀၉–၇၉၆၇၇၃၅

မော်တော်ယာဉ် မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်–

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ် ပေါ်တွင် ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ် ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှူးဦးစီးဌာန

မိခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဦးကျော်ဝင်း၏သမီး၊ ကျိုင်းတုံမြို့၊ နမ့်ချပ်ရပ်၊ ရပ်ကွက် (၁)နေ မခင်အိထက်ထက်ကျော်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၂-၂၀၁၃ ဖြစ်ပါကြောင်းနှင့် ၎င်း၏မိခင်အမည်မှန်မှာ ဒေါ်မန်းတင်ဖြစ်ပါ ကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဘူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ် (S-၀၀၇)၊ ဧရိယာ ၀ ဒသမ ၂၂၉ကေရှိ ဦးဖုန်းကျော် အမည်ပေါက် ပါမစ်မြေကွက်အား ဦးဆန်းမျိုး၊ ဒေါ်ဆွေဆွေမြင့်(ဘ) ဦးပွား၊ ဦးကျော်ညွန့်၊ ၅/ဒပယ(နိုင်)၀၆၁၄၅၈၊ ၁၃/မမတ(နိုင်)၀၂၉၀၅၅မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျွမ်းကျင်နိုင်ချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်း မူရင်းများတင်ပြပြီး မြေဌားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့် ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေဌားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

Ocean အိုးရှင်း အမှတ်တံဆိပ် သောက်ရေသန့်အား အသိပေးကြေညာခြင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ အေးသာယာ၊ နယ်မြေ(၄)၊ အမှတ်(၃၂)၊ အိမ်အမှတ် (၁၂၁) တွင် တည်ရှိသော "Ocean အိုးရှင်း သောက်ရေသန့်" အမည်ရှိ သောက်ရေသန့် အမှတ်တံဆိပ်ကို အသုံးပြုရန်အတွက် တောင်ကြီးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်– ၃၃၁/၂၀၂၂ ဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်–

Ocean အိုးရှင်း
RO . UV System
သောက်ရေသန့်
Purified Drinking Water

ထို့ကြောင့် အထက်ဖော်ပြပါ "Ocean အိုးရှင်း သောက်ရေသန့်" အမည်ရှိ သောက်ရေသန့် အမှတ်တံဆိပ် အမှတ်အသားကို ကန့်ကွက်မည့်သူရှိပါက (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါ ကြောင်း အသိပေး ကြေညာအပ်ပါသည်။

အမှတ်(၃၂)၊ အိမ်အမှတ်(၁၂၁)၊ နယ်မြေ(၄)၊ အေးသာယာ၊
တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)
Ph: 09–776777688, 09–254661323

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ၈၀နသိန္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိ မြောက်ရပ်၊ မြေဧရိယာ(၀.၁၄၆)ဧက၊ မြေကွက်အမှတ်(၃/၆၃၂၁)၊ ဒေါ်ရတနာ ခင်မောင် (ဘ)ဦးခင်မောင် ၅/ကလထ(နိုင်)၁၀၉၁၃၃ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးဝင်းသိန်း(ခ)မျိုးနိုင် (ဘ) ဦးဘခွေး ၁၂/ပဇတ(နိုင်)၀၂၅၇၀၁ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေဌားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်၊ ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေဌားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၂၃ ပြည်ထဲရေး ဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီး ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ သာသနာ့ပါလ ဓမ္မရိပ်သာ (မြိတ်)ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ပိဋ္ဌကတ်သုံးပုံ နိကာယ် ပရိယတ္တိ စာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရတနာမာန်အောင် ကျောင်းတိုက်၊ ရွှေပြည်သာ မြို့နယ်ရှိ လိုတရဟာသ်တ ကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ ဇေတဝန်ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သုဝဏ္ဏနားဝမ်(ကိုရင်လေး)ကျောင်းတိုက်၊ ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်မြို့နယ်ရှိ ရွှေတောင် ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ အောင်ချမ်းသာကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ပင်လယ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ကမာကဆစ် အလယ်ကျောင်း ပရိယတ္တိ စာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဂန္ဓ ဝိပဿနာ ကျောင်းတိုက်နှင့် မြို့နယ်ရှိ ဇရာဝတီ တိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ရတနာပုံ ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များ အတွက် ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော် ကောင်စီနယ်မြေနှင့်တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက် ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

နယ်စပ်ရေးရာဝန်ကြီးဌာနက ကယားပြည်နယ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား ကုလားပဲများ လှူဒါန်း

လွိုင်ကော် ဒီဇင်ဘာ ၂၃ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကယားပြည်နယ် အတွင်း ဘုန်းတော်ကြီး ကျောင်းများရှိ သံဃာတော်များ ဆွမ်း၊ ကွမ်း အဆင်ပြေစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ် လေးမျိုး ဆက်ကပ်လှူဒါန်း လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရှားတောမြို့နယ် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ဦးစီးအရာရှိ ဦးစူးရယ်နှင့် ဝန်ထမ်းများသည် ယမန်နေ့နံနက်ပိုင်းက ရှားတောမြို့နယ် မြောက်ရွာ အောင်မင်္ဂလာ ဘုန်းတော်ကြီး ကျောင်းရှိ ရဟန်း၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့်ကုလားပဲများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

ကိုဇင် (ပြန်/ဆက်)

ဓာတ်ဆီ

ကျွန်တော်၏ ကားအမှတ် ၂ တန်ကို ရန်ကုန်-ပုသိမ်-ကျိုက်ထီးရိုး-ဟင်္သာတလေးမှ ကျိုက်ထီးရိုးမှ ပြန်ရန် ဓာတ်ဆီ ဖြည့်ရန် ကျိုက်ထီးရိုးမှ ဓာတ်ဆီ ဖြည့်ကြပါ။ ကျေးဇူးတင်ပါ။

ကိုမင်းထက်

ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၁၂-၂၀၂၂ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၀) ငြင်းချက်ထုတ်ရန် သမ္မန်စာ (တရားမကျင့်ထုံး ကိုဌပေဒအေအမိန့်-၅)၊ နည်းဥပဒေ-၂၀) အောင်မြသာစံမြို့နယ်၊ တရားရုံးတော်၌ အစား အောင်မြေသာစံမြို့နယ် တရားရုံးတော်၌ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/29730, Dayang Dream, M/C အား မြောက်ဦးမြို့၊ ညောင်ပင်လှ ရွာနေ ဦးမောင်အောင်သိုက် က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (စစ်တွေ)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/9804 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

ကညန
ခရိုင်ရုံး(ကေ့ကရိတ်)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/7269 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

ကန့်ကွက်ခြင်း

ဥတ္တရသီရိမြို့၊ ၆၀နသိန္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိ မြောက်ရပ်၊ မြေဧရိယာ(၀.၁၄၆)ဧက၊ မြေကွက်အမှတ်(၃/၆၃၂၁)၊ ဒေါ်ရတနာ ခင်မောင် (ဘ)ဦးခင်မောင် ၅/ကလထ(နိုင်)၁၀၉၁၃၃ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးဝင်းသိန်း(ခ)မျိုးနိုင် (ဘ) ဦးဘခွေး ၁၂/ပဇတ(နိုင်)၀၂၅၇၀၁ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေဌားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်၊ ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေဌားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဦးရာပြည့် (၉/တတဥ(နိုင်)၀၀၆၆ဖ၃၇) သိစေရန် အကြောင်းကြားကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက် (၁၅၉)နေ ဦးရွှေဟန်(ခ)ယုရွှေ (ဘ) ဦးဝင်းရွှေ(ခ)ကျင်ဟုန် ၁/ဗမန(နိုင်) ၀၀၀၂၃၉ မှ အောက်ပါအတိုင်း သက်ဆိုင်သူအား သိရှိစေရန်အတွက် ကြေညာ အပ်ပါသည်–

ကျွန်တော့်မိတ်ဆွေထံသို့ ဦးရာပြည့်နှင့် ဒေါ်တီတီမာ (ယခင်လိပ်စာ-အကွက်(၁၉၀)၊ သီရိမာလာအရှေ့ရပ်) တံတားဦးမြို့နယ်၊ စကားအင်းရွာ အလယ်ရပ်နေသူတို့သည် ၂၀၂၀ ပြည့်နှစ်က ဦးရာပြည့် အမည်ပေါက် တံတားဦး မြို့နယ်၊ စကားအင်းကျေးရွာ၊ ကွင်းအမှတ်(၁၃၃၂)၊ ဦးပိုင်အမှတ်(၅၀/၁)၊ ဧရိယာ (၄.၁၅)ဧကနှင့် ပန်းယျကျေးရွာ၊ ကွင်းအမှတ်(၁၃၃၁)၊ ဦးပိုင်အမှတ် (၄၀)၊ ဧရိယာ(၅.၀၃)ဧက အကျယ်အဝန်းရှိ လယ်ယာမြေကွက်များအား စာမှတ်စာတမ်းများနှင့်အတူ အပြီးအပိုင် လွှဲပြောင်းရောင်းချမှုပြုလုပ်ခဲ့ပြီး နှစ်ဖက် သဘောတူ ကတိစာချုပ်ချုပ်ဆို၍ ရောင်းကြေးငွေများ လက်ခံရယူ သွားခဲ့ကြပါသည်။ ဒေါ်တီတီမာ သည် ၂၀၂၁ ခုနှစ်က ကွယ်လွန်သွားခဲ့ကြောင်း စုံစမ်းသိရှိခဲ့ရပြီး ခင်ပွန်း ဦးရာပြည့် (၀၉-၄၃၀၉၉၆၆၉၆၊ ၄၀၂၅၀၆၀၅၁)ဖုန်းကို ကိုင်ဆောင်သူတစ်ဦးဖြစ်သော်လည်း ယနေ့အချိန်အထိ ကျွန်ုပ်မိတ်ဆွေမှ ကြိုးစား၍ ဆက်သွယ်သော်လည်း မည်သည့်နေရပ်ဒေသသို့ ပြောင်းရွှေ့ နေထိုင်ကြောင်း၊ (ကွယ်လွန်)မကွယ်လွန်ကြောင်း မသိရှိရဘဲ အဆက်အသွယ် လုံးဝမရရှိခဲ့ပါ။ လွှဲပြောင်းရောင်းချထားသည့် မြေကွက်များနှင့် ပတ်သက်ပြီး မိမိမှ အပြီးအပိုင် တန်ဖိုးငွေပေးချေ၍ လွှဲပြောင်းစာချုပ် ပြုလုပ်ချုပ်ဆိုခဲ့ သောကြောင့် မိမိ၏သဘောဆန္ဒမပါရှိဘဲ အခြားသူတစ်ဦးတစ်ယောက်သို့ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ စီမံခန့်ခွဲပေးခြင်း စသည့်ကိစ္စရပ်များ မပြုလုပ်၊ မဆောင်ရွက်နိုင်ရန်အတွက် အသိပေးအပ်ပါသည်။ ဦးရွှေဟန်၏ အကျိုးနစ်နာမှု မရှိစေရန်အတွက် အမည်ပေါက် ဆောင်ရွက်ရန် ဦးရာပြည့်မှ သက်ဆိုင်ရာရုံးများတွင်(မြေစာရင်းဦးစီးမှူး ရုံးဌာနတွင်လည်း) ကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းနှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုမှုများကို ဆောင်ရွက်ပေးစေ လိုပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါကိစ္စနှင့်ပတ်သက်ပြီး (မြန်မာနိုင်ငံအတွင်းရှိ နေထိုင်ခဲ့သူတစ်ဦးဖြစ်သည့်) ဦးရာပြည့်အနေဖြင့် ဤကြော်ငြာ၊ အကြောင်း ကြားစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့/ကျွန်ုပ်မိတ်ဆွေထံသို့ လာရောက်ဆက်သွယ်၍ အရောင်းအဝယ်ပြုလုပ်စဉ်က လင်မယားနှစ်ဦးမှ ဆောင်ရွက်ပေးပါမည်ဟု ဝန်ခံပြောဆိုခဲ့သည့်ကိစ္စရပ်များကို ပြီးစီးအောင် (အမွေစားအမွေခံ သားသမီးများ အပါအဝင်) ဝန်ခံကတိစာချုပ်ပါအတိုင်း ဆောင်ရွက် ပေးစေလိုပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ဆက်သွယ် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါက ကျွန်ုပ်မိတ်ဆွေ၏ သဘောဆန္ဒအတိုင်း မြေကွက် များနှင့်ပတ်သက်၍ သက်ဆိုင်ရာ ရုံးဌာနအသီးသီးတို့တွင် (လိုအပ်ပါက-တရားရုံးတွင် ဦးရာပြည့်၏ ပြုမူဆောင်ရွက်ချက်၊ ကောင်းခြင်း/ဆိုးခြင်း လုပ်ဆောင်ချက်များအတိုင်း) အရေးယူ၊ လျှောက်ထားမှုပြု၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူနှင့် ဖခင်အမည်ပေါက် ဖြစ်သော ကြောင့် သားသမီးများသိစေရန် ကြေညာအပ်ပါသည်။

(ဦးရွှေဟန်သည် ဦးရာပြည့်၏ ဂုဏ်သိက္ခာကိုထောက်ထား၍ သဘောရိုး ဖြင့် နစ်နာစေလိုသောဆန္ဒမပါရှိဘဲ ၎င်းမှ လုံးဝဆက်သွယ်ခြင်း၊ တွေ့ဆုံခြင်းမရှိ သောကြောင့်သာ ယခုကဲ့သို့ အကြောင်းကြားစာအဖြစ် ကြေညာရခြင်းဖြစ်ပါ သည်။)

လွှဲအပ်ညွှန်ကြားသူ–
ဦးရွှေဟန်
၁/ဗမန(နိုင်)၀၀၀၂၃၉

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးကျော်ဇင်ထက် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၀၈၀)
အကွက်ဦးပိုင်အမှတ်(၄၁၅/N–၃, ၁၇၂)၊
ညောင်ကွဲရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊
မန္တလေးမြို့
ဖုန်း–၀၉–၄၃၀၉၉၄၈၁၊ ၂၀၀၄၈၈၅၅

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
လွှတ်တော်နှင့်နေအိမ်အဆောက်အဦးများ ထိန်းသိမ်းရေးအဖွဲ့ (ရန်ကုန်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့်နေအိမ်အဆောက်အဦးများ ထိန်းသိမ်းရေးအဖွဲ့(ရန်ကုန်)မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် (၄)ခန်းတွဲ (၄)ထပ် ဧည့်ရိပ်သာနှင့် (၈)ခန်းတွဲ(၂) ထပ်ဧည့်ရိပ်သာတို့တွင် အောက်ပါလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာငွေ(ကျပ်)ဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Lot(1)။ ကျွန်းပရိဘောဂပစ္စည်းများ ဝယ်ယူခြင်း

(ခ) Lot(2)။ မွေ့ရာနှင့်ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း

၂။ လျှောက်လွှာနှင့် အသေးစိတ်အချက်အလက်များကို ပြည်လမ်းနှင့် အလုံလမ်းထောင့်မှ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဝင်းအတွင်းရှိ လွှတ်တော်နှင့် နေအိမ်အဆောက်အဦးများ ထိန်းသိမ်းရေးအဖွဲ့ (ရန်ကုန်)၊ ဖုန်း-၀၁-၈၃၀၂၂၅၁ တွင် စုံစမ်း၀ယ်ယူ/မေးမြန်းနိုင်ပါသည်။

၃။	တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်	- ၂၆-၁၂-၂၀၂၂ ရက်မှ ၆-၁-၂၀၂၃ ရက်အထိ
၄။	တင်ဒါတင်သွင်းရန် နောက်ဆုံးရက်/အချိန်	- ၆-၁-၂၀၂၃ ရက် (၁၄:၀၀)နာရီအထိ
၅။	တင်ဒါဖွင့်မည့်ရက်	- ကြေညာပါမည်။

တင်ဒါကော်မတီ

ရောင်းချမည့်အကြောင်းကြော်ငြာစာတွင်ပါရှိရန်အကြောင်းအရာများကို စီစဉ် သတ်မှတ်ရန်ချိန်းဆိုသောနေ့ရက်ကို အကြောင်းကြားစာ
(တရားမကျင့်ထုံး၃၀အေအမိန့် ၂၁၊ နည်း၃၀အေ ၆၆)
ကျောက်တံတားခရိုင် တရားရုံးတော်
၂၀၂၂ ခုနှစ်၊ ဇာရီမှုအမှတ် ၁၂၉
၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၃၉

ဒေါ်နန်းစိန်ရင် (ၦင်း၏အခွင့်ရကိုယ်စားလှယ် ဦးပြည့်ဖြိမ်းအောင်) နှင့် ၁။ ဦးဟန်ညွှန့် ၂။ ဒေါ်ရည်မွန်အောင်

ဒီကရီအနိုင်ရသူ **တရားရုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ) ရပ်ကွက်၊ ၁၅၇ လမ်း၊ အမှတ် ၃၃၊ မြေညီထပ်နေ (၂) တရားရုံး ဒေါ်ရည်မွန်အောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်ပါအမှုတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ နဝေးလမ်း၊ အမှတ်-၁၇၊ (၁၅)လွှာကို ရောင်းချပါမည့်အကြောင်း ဒီကရီရသူ ဒေါ်နန်းစိန်ရင် (ၦင်း၏အခွင့်ရ ကိုယ်စားလှယ် ဦးပြည့်ဖြိမ်းအောင်) က လျှောက်ထားသောကြောင့်၊ ရောင်းချမည့်အကြောင်းကြော်ငြာစာတွင် ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မွန်းမတည့်မီ ၁၀:၀၀ နာရီ၌ ချိန်းဆိုပြီးဖြစ်သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်သူရ)
တွဲဖက်ခရိုင်တရားသူကြီး (၂)
ကျောက်တံတားခရိုင်တရားရုံး

အများသိစေရန် သတိပေးတားမြစ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သက်ထားဆွေစင် (ခ)သင်ဇာသိန်း ၁၂/သဃက(နိုင်)၁၄၇၂၂၆၊ အမှတ် (၂၀၅)၊ ဓမ္မရာဇာ (၂၉)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်ထားဆွေစင်(ခ) သင်ဇာသိန်းနှင့် ဦးထွန်းထွန်းမင်း ၁၂/ဥကတ(နိုင်)၁၅၇၁၉၇ တို့သည် ၃-၁၁-၂၀၁၁ ရက်တွင် မြန်မာ့ ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားသူကြီး၏ရှေ့မှောက်၌ လက်မှတ်ထိုး၍ လူသိရှင်ကြားပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ထို့နောက် သား(၂) ဦး ထွန်းကားပြီး ယခုအချိန်ထိ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ လင်မယားအဖြစ်အတူ ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ နှစ်ဦးပိုင် လင်မယားနှစ်ဦးလက်ထက်ပွားပစ္စည်းများ ဖြစ်သည့် ရွှေပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများအားလုံးတို့ကို ကျွန်ုပ်မိတ်ဆွေ၏စာဖြင့်ရေးသားလက်မှတ်ထိုး သဘောတူညီခြင်းမရှိဘဲ မည်သူမဆို ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လျှဒါန်းခြင်းတို့အပါအဝင် အခြားမည်သည့်လွှဲပြောင်းခြင်းမျိုးမျှ မပြုလုပ်ကြရန် သတိပေးတားမြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သို့ပါလျက် မည်သူမဆို အထက်ပါအတိုင်း ဆောင်ရွက်ခဲ့သည်ရှိသော် ထိုပြုလုပ်သူ၏ တာဝန်သာဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးစန္ဒာအောင်
LL.B, DBL, DIL
အထက်တန်းရှေ့နေ (စဉ်-၄၆၁၅)
အမှတ်-၅၈/၆၀၊ ပ-ထပ်၊ မဟာဗန္ဓုလပန်း၆်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ Ph-09-264341763, 09-775115347

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ဗိုလ်ပျိုလမ်း၊ မြေကွက်အမှတ်(၁၀၆၉)၊ ၀၊(၄၀၄၆၀)၊ ၀ ဒသမ ၀၅၅၈ က၊ ၂၄၀၀စတုရန်းပေရှိ နှစ်(၆၀)မြေဌားဂရန် အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးထွန်းကြည် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးနန္ဒရဲရင့်ဝင်း ၁၂/ကတတ(နိုင်)၀၂၃၈၈၃ မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချွေခွင့်ရှိကြောင်းဝန်ခံအဆိုပြု၍ နှစ်(၆၀) မြေငှားဂရန်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီးကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဝယ်ယူသူ ဒေါ်ဇင်နှမ်း၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းထူး(LL.B)	ဦးဇော်မိုးလွင်(LL.B)
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
(စဉ်-၇၈၁၅)	(စဉ်-၁၄၅၅)

ရုံး-ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၄၄၄၃၃၃၅၊ ၀၉-၂၅၆၂၈၆၃

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇၁)၊ မြေကွက်အမှတ် (၁၂၃/၁၂၄)၊ မြေအကျယ်အဝန်း (အလျား ၁၀၀ ပေx ၁၀၀ ပေ)၊ မြေဧရိယာ ၀ ဒသမ ၂၃၀ ဧက၊ ၁၀၀၀၀ စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးအေးနိုင်ထံမှ အရပ်ကတိ စာချုပ်အဆက်စပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်လာခဲ့ပြီး ရောင်းခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးစန်းမြင့်ဦး ၁၂/သကတ(နိုင်)၀၂၃၂၀၇သည် မိမိသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေ ထံသို့စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စိမ့်ဇော်ဦး(LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၄၇၈၂)
အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ ၃၄-ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၀၁၀၄၈

ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံး၃၀အေ အမိန့် ၂၁၊ နည်း၃၀အေ ၂၂)
ပဲခူးခရိုင်တရားရုံးတော်
၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၉ နှင့် ဆက်နွယ်သည့်
၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၅၄

ဧရာဝတီဘဏ်လီမိတက် (ၦင်း၏ကိုယ်စား ဒေါ်တင်နီလာအောင် ဘဏ်ခွဲတာဝန်ခံ၊ ပဲခူးဘဏ်ခွဲ-၁) နှင့် ၁။ ဦးတင့်လွင် ၂။ဒေါ်ခင်မေဆိုင်(ခ)ဒေါ်ဆန်လှ

ဒီကရီအနိုင်ရသူ **တရားရုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကုန်းရိပ်သာ၊ အမှတ် (၄၁/၃)နေ (၁) ဦးတင့်လွင်၊ (၂) ဒေါ်ခင်မေဆိုင်(ခ)ဒေါ်ဆန်လှ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် - ၇၉ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဧရာဝတီဘဏ်လီမိတက်၊ ပဲခူးဘဏ်ခွဲက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် (၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၈ ရက်) နေ့မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်ကျော်ဦး)
ဒုတိယခရိုင်တရားသူကြီး(၁)
ပဲခူးခရိုင်တရားရုံး

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ပခုက္ကူမြို့၊ အမှတ် (၄)ရပ်ကွက်၊ သိရီမင်္ဂလာလမ်းတွင် နေထိုင်သော ဒေါ်တင်လှ ၈/ပခက(နိုင်)၀၆၁၆၆၀ (ဦးစိန်သန်း (ခ) ဦးသာသန) ၏သားဖြစ်သူ မောင်ညီညီအောင် ၈/ပခက(နိုင်) ၁၇၇၀၁၄ သည် မိဘများ၏ မေတ္တာရှေ့ထားဆိုဆုံးမမှုကို နာခံမှုမရှိသည့်အပြင် မိခင်ကြီးအား ရိုင်းစိုင်းစွာပြုမူဆက်ဆံသဖြင့် ၎င်းအား ဤကြော်ငြာပါသည့်ရက်မှစ၍ အမွေစားအမွေခံသား အရင်းအဖြစ်မှ အမွေပြတ်စွန့်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်ညီညီအောင်နှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးလိမ့်မည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်မောက် B.A (Law) L.L.B
တရားလွှတ်တော်ရှေ့နေ(စဉ်- ၃၉၉၉)
ရုံးခန်းအမှတ်- ၆၂၊ (ပထမထပ်)၊ အခန်း(၂)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉- ၄၂၁၁၇၇၂၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၄၃၈၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧက၊ မြေကွက်တည်နေရာအမှတ် (၄၃၈)၊ နွယ်သာဂီလမ်း၊ ၂၉ရပ်ကွက်၊ ရွှေပြည်သာ၊ ဒေါ်သက်သက်ချို ၁၂/အစန(နိုင်)၀၂၉၁၀၄ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအားဂရန်မြေအမည်ပေါက် ဒေါ်သက်သက်ချို ၁၂/အစန(နိုင်)၀၂၉၁၀၄ ထံက အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၁၇၈၂၂/၁-၇-၂၀၁၄)ရရှိသူ ဒေါ်ယဉ်ယဉ်မြ ၉/မရမ(နိုင်)၀၅၃၈၄၆ မှ ဂရန်မူရင်း၊ အထူးကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်လွှဲသူ သက်ရှိထင်ရှား ရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာရပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ ၁၂၇၀ (၉-၁၁-၂၂) တို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာပါသည်။ မြေစာရင်းရှိ (၂၀၁၂)ခုနှစ်တွင် ထုတ်ယူထားသော ဘဏ်ချေးမြေပုံသည် ၎င်းလက်ဝယ်တွင် ပျောက်ဆုံးသွားကြောင်း နှစ်(၆၀)ဂရန်မူရင်းမှာလည်း ၎င်းလက်ဝယ်ရှိပြီး အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ပိုင်ဆိုင်ထားပြီး အခြားသူသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ အာမခံအဖြစ် တင်သွင်းထားခြင်း၊ လျှဒါန်းထားခြင်း မရှိကြောင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူကြောင်း ကျမ်းကျိန်လွှာအမှတ် ၃၃၈(၂၂-၁၁-၂၂) ဖြင့် ဝန်ခံကတိပြု တင်ပြ၍ အရောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၈)၊ မြေကွက်အမှတ် (၉၃၈)၊ ဆရာဆောင်လမ်း၊ (၅)ရပ်ကွက်ဟု ခေါ်တွင်သော အကျယ်အဝန်း (၄၅ပေx၆၀ပေ)ရှိ မြေကွက်မှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြို့ မြေစာရင်းတွင် ဦးမျိုးသန့်, ၁၂/မရက (နိုင်)၀၆၅၁၉၀ နှင့် ဒေါ်စန်းစန်းဝေ ၁၂/လမတ(နိုင်) ၀၁၅၃၅၅ အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်သူများထံမှတစ်ဆင့် ဝယ်ယူကာ လက်ဝယ်ပိုင်ဆိုင်လျက်ရှိသူ ဦးအောင်မင်း ၁၂/ဗဟန(နိုင်)၀၁၃၁၇၂ မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-	လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းစိုးထိုက်	ဒေါ်ဇင်မာလွင် (LL.B)
	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၈၀)
	အမှတ်(၁၃၃၅)၊ ပုန်းညက်မြိုင်လမ်း၊ (၄၉)ရပ်ကွက်၊
	ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
	ဖုန်း - ၀၉-၇၉၁၇၆၂၈၇၊ ၀၉-၄၅၅၁၁၆၂၈၇

ကွာရှင်းပြတ်စဲပြီးကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ၁-ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်- ၃၈၂ နေ ဦးစိုင်းစိုးသိန်းဦး (၁၁) ဦးရင်ကျော်(၉/ပဥလ(နိုင်)၀၀၆၇၁၄ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ FMI City အိမ်ရာ၊ ရွှေနှင်းဆီ(၂)လမ်း၊ အမှတ်- ၂/၅၆ နေ ဒေါ်အေးပပမျိုး (၁၁) ဦးဝင်းမောင် ၁၄/မမန(ဧည့်)၀၀၀၂၉၇ တို့သည် ၁၈-၁၁-၂၀၂၂ ရက်တွင် မှတ်ပုံတင်စာချုပ် အမှတ် ၆/၂၀၂၂ ဖြင့် လသာမြို့နယ်၊ အမှတ်(၂) စည်ပင်သာယာတရားရုံး၊ မြို့နယ်တရားသူကြီးရှေ့မှောက်၌ "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်" ချုပ်ဆိုကွာရှင်းပြီးနှစ်ဦးပိုင်ပစ္စည်းများကိုလည်း ခွဲဝေပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးစိုင်းစိုးသိန်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခိုင်ဆုဝေ (LL.B)	ဒေါ်မိုးမိမိခိုင် (LL.B)
(စဉ် - ၅၃၃၆၉)	(စဉ် - ၅၃၄၉၁)
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

အမှတ် - ၅၈၊ မဟာဗန္ဓုလပန်း၆်လမ်း၊ (ဘားလမ်း)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း - ၀၉-၄၅၅၆ဂ၇ဂ၆၁

နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဦးဒေါ်လာတင်မြင့် ၁၂/ဗဟန(နိုင်)၀၉၁၅၁၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဦးဒေါ်လာတင်မြင့်နှင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ခိုင်ခင်ဦး ၁၂/ဗဟန(နိုင်)၁၀၃၀၆ တို့သည် ၂၂-၁၂-၂၀၂၂ ရက်တွင် လသာမြို့နယ် တရားရုံး၏ မှတ်ပုံတင်အမှတ်- (၁၂/၂၀၂၂)ဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေ ဦးဒေါ်လာတင်မြင့်နှင့် ဒေါ်ခိုင်ခင်ဦးတို့သည် လင်မယားကွာရှင်းပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက် ဆက်နွယ်ခြင်းမရှိတော့သဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးဒေါ်လာတင်မြင့်မှ ဒေါ်ခိုင်ခင်ဦး နှင့် ပတ်သက်သည့် ကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း နှင့် နောက်နောင်တွင် ကျွန်ုပ်မိတ်ဆွေ၏ ကိုယ်ရေးကိုယ်တာ မှန်သမျှအား ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူအား တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဒေါ်လာတင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းခိုင် (LL.B, D.B.L,D.M.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၆၇)
အမှတ်- ၄ (မြေညီ)/ ခေါင်းရင်းခန်း၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊
စမ်းချောင်းမြို့နယ်

ဆိုင်ခန်းနှစ်ခန်းတွဲ ငှားရန်ရှိသည်။
စော်ဘွားကြီးကုန်းစျေးအတွင်း
နီလာ ၉ လမ်း
ဆက်သွယ်ရန်
ဖုန်း-၀၉-၂၅၂၂၆၉၆၂၂
၀၉-၄၄၃၂၃၆၉၅

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီဝင်(အထူးပြု) ၂၀၁၉-၄၀-၁၃၅(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မောင်အားဟော(ခ) မောင်အားဟောင် ၁၃/မဆန(နိုင်)၁၉၇၅၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်အားဟော်(ခ)အားဟောင်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/7306 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/2732 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/2640 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနခွဲ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွက် အသုံးပြုရန် ဒီဇယ်ဆီ (၁၂၀၀၀၀) ဂါလန်၊ Octane-92 (၁၅၀၀၀)ဂါလန်နှင့် ပရီမီယမ်ဒီဇယ်ဆီ (၃၅၀၀၀)ဂါလန် ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည် ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၃-၁-၂၀၂၃ရက်

(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၅-၁-၂၀၂၃ရက်

(ဂ) **လျှောက်လွှာရောင်းချမည့်နေရာ** - ၆၂လမ်း၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန

(ဃ) **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်နေ့ရက်** - ၁၂-၁-၂၀၂၃ရက်

(c) **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်နေရာ** - ၂၆ လမ်း၊ ၇၁ x ၇၂ လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ (၆)ထပ် ဆောင်အစည်းအဝေးခန်းမ

(စ) **တင်ဒါ (၁)စုံ ရောင်းဈေးနှုန်း** - ပစ္စည်း(၁)မျိုးလျှင်ကျပ် ၁၀၀၀၀/-

၂။ စက်သုံးဆီသွင်းကုန်လိုင်စင် (Fuel Import License) တင်ပြနိုင်သော ကုမ္ပဏီဖြစ်ရမည်။

၃။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများ အားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဖုန်း-၀၂-၄၀စ၀၁၅၇၊ ၀၂-၄၀စ၁၃၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဌာနမှူး
စက်ရုံနှင့် မော်တော်ယာဉ်ဌာန

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တင်ဒါ အဆိုပြုလွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်ရှိ လှော်ကားအစာစပ်စက်ရုံအား နှစ်ရှည်ငှားရမ်း လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်ရန် စိတ်ပါဝင်စားသူ ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင် ကုမ္ပဏီများသို့ တင်ဒါအဆိုပြုလွှာများတင်သွင်းနိုင်ပါရန် ဒုတိယအကြိမ် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ခြံ/စက်ရုံအမည်	ဧက	ငှားရမ်းဆောင်ရွက်မည့်လုပ်ငန်း
၁။	လှော်ကားအစာစပ်စက်ရုံ	၁၀.၇၃	တိရစ္ဆာန်အစာ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း

၂။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စီးပွားရေးရာ အထောက်အကူပြုဌာနခွဲ၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် တစ်စောင်လျှင် (၁၀၀၀၀/-)ကျပ်ဖြင့် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၃။ တင်ဒါ အဆိုပြုလွှာ တင်သွင်းသူများအနေဖြင့် တင်ဒါအဆိုပြုလွှာများ အား ၆-၁-၂၀၂၃ရက် မွန်းလွဲ ၁၄:၃၀နာရီ နောက်ဆုံးထား၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စီးပွားရေးရာ အထောက်အကူပြုဌာနခွဲသို့ ပေးပို့တင်ပြရမည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၀၈၄၈၊၀၆၇-၃၄၀၈၄၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ဂုဏ်ယူဝမ်းမြောက်ခြင်း

တိုင်းရင်းဆေးတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် စီမံ(ဦးမိုး)၊ တိုင်းရင်းဆေးတက္ကသိုလ် ဂုဏ်ထူးဆောင် ပါမောက္ခ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင် ဆရာကြီး ဦးဝထွန်းသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၂၃၂/၂၀၂၂ ဖြင့် စီမံထူးချွန်တံဆိပ်(ပထမဆင့်)ကို ချီးမြှင့်ခံရသဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

တိုင်းရင်းဆေးသိပ္ပံကျောင်း
အမှတ်စဉ်(၁၈)မှ
ကျောင်းသား၊ ကျောင်းသူများ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တကဇော်မိုး (ကိုယ်ပိုင်အမှတ် ၇၁၇၁၃၃) ၁၂/မရက(နိုင်)၀၃၆၀၇၃ (ဘ)ဦးမှေး အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(c)၁၀၂၆ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်မာမာဝင်း ၇/ဖမန(နိုင်)၀၇၂၅၆၀ (ဘ)ဦးလှအောင်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ။ တက ဇော်မိုး သေဆုံးခြင်း လက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ ဒုအရာခံဗိုလ် တိုးဝင်းအောင် (ကိုယ်ပိုင်အမှတ် စ၃၀၂၃၆) ၁၂/သခန(နိုင်)၀၃၁၃၇၆ (ဘ)ဦးအောင်သစ် အမည်ပေါက် ပါမစ်မြေကွက် အမှတ် ပစ(B)၃၄၃အမည်ပေါက်(ကွယ်လွန်)၏တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ကြည်ကြည်အောင် ၁၂/မရက(နိုင်)၀၀၁၃၅၃(ဘ)ဦးဝင်းအောင်မှ တရားဝင် အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုး ပေးသွင်းချလန်မိတ္တူ။ ဒုအရာခံဗိုလ် တိုးဝင်းအောင် သေဆုံးခြင်းလက်မှတ် မိတ္တူ။ မြေကွက်ပေါ်ရှိ အဆောက်အအုံ ပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4R/5826 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ ကံဗြူကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၈၀၉)၊ (ပဂိုးကုန်းတောင်ကွင်း)၊ ဦးပိုင်အမှတ် (၂၈၇[a])၊ ဧရိယာ ၀ဒသမ၄၆ဧကေရှိ ကုန်းဘောင်ဈေးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန်အသစ် ခွင့်ပြုချထားပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း) များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ရွှေဘိုမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရွှေဘိုမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ ကွင်းအမှတ်(၂၈၁၀)၊(တပ်မြို့တောင်ကွင်း)၊ ဦးပိုင်အမှတ် ၃၀၊ ဧရိယာ ၁၅ဒသမ ၂၀ ဧကရှိမြေကို ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန်အသစ် ခွင့်ပြုချထားပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ရွှေဘိုမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် ထုတ်ပေးခြင်းလုပ်ငန်းကိုလုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရွှေဘိုမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန
ရွှေဘိုမြို့

ကန့်ကွက်နိုင်ကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၁၅/ဗတထ(နိုင်)၀၁၁၉၀၃၊ (ဘ)ဦးမောင်ကိုး၊ ဒေါ်ခင်ပြိမ်းဝင်း ၅/မရန(နိုင်)၀၄၉၉ဝ၆ (ဘ)ဦးမောင်ကို အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၂၃၂၆)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၃၀/၂၀၁၉၊ (၄-၆-၂၀၁၉)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မြိုမိုအောင် ၅/မရန(နိုင်)၁၉၃၁၀၉ (ဘ) ဦးသောင်း ဌေးမှ ဒေါ်ခင်သန်းမြင့် ၇/ပခန(နိုင်)၁၃၅၄၄၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အောင်သုခလမ်း၊ အခန်းအမှတ် (၃/ဘီ)၊ အမှတ် (၁၁)၊ (၂)ခန်းတွဲ၊ RC (၆)ထပ်တိုက် အဆောက်အအုံ၏ ဒုတိယထပ် (၃)လွှာ၊ ဧရိယာ ၅၁၇ စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးထွန်မြတ်နောင် ၁၂/မဂတ(နိုင်)၀၉၄၂၄၃ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးဟံဝင်းနိုင် ၁၂/မဂတ(နိုင်)၀၉စ၄၀၁ အပြီး အပြတ်ဝယ်ယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့် ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဟံဝင်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်နန္ဒာ
အထက်တန်းရှေ့နေ
(စဉ်-၄၇၆၂၂)
အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊
သန်လျင်မြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်း

